ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ စနေနေ့၊ (14-1-2006) (၄၈၄၀)

❐ နိုင်ငံတော်၌ မည်သည့်စနစ်ကို ကျင့်သုံးသည်ပင်ဖြစ်စေ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်သည်သာ မက ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို အစဉ်တစိုက် ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရှိရမည်။

အနာဂတ်အတွက် အသက်တမျှအရေးကြီးသည့် အခြေခံဥပဒေကို ပြည်သူများ၏ဆန္ဒနှင့်အညီ ရေးဆွဲနိုင်ရန်လို ကိုယ်စားလှယ်များ၏ တိုင်းချစ်ပြည်ချစ်စိတ်ကို အခြေခံပြီး အရှည်မျှော်မြင်မှု၊ စိတ်ရှည်မှု၊ စည်းလုံးညီညွတ်မှုရှိမှ အမျိုးသားညီလာခံကြီး အောင်မြင်ပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး အခြေခံမူများချမှတ်နိုင်မှာဖြစ် တိုင်းရင်းသားအားလုံး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အရင်းခံပြီး စည်းစည်းလုံးလုံး အင်တိုက်အားတိုက် ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၃

စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၁၁ရက် နံနက် ၇နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ တိုင်းအားကစားကွင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက်ရောက်

အဆိုပါလူထုအစည်းအဝေးသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်နှင့် အလုပ်အမှုဆောင်များ၊ စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့မှအသင်းအဖွဲ့ဝင်များ၊ကြက်ခြေနီတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ မုံရွာကွန်ပျူတာကောလိပ်၊ မုံရွာနည်းပညာကောလိပ်၊ စစ်ကိုင်းပညာရေး ကောလိပ်၊ မုံရွာပညာရေးကောလိပ်၊ စစ်ကိုင်းသမဝါယမကောလိပ်တို့မှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးဝင်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်ကြီးများ အသင်းဝင်များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီအောက်ရှိ ယာဉ်လိုင်းများမှ အသင်းဝင်များ၊ ဗီဒီယိုအခြေခံအဖွဲ့ဝင်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၄-၁-၂၀၀၆
(စနေနေ့)

အမျိုးသားညီလာခံကြီးအောင်မြင်ပြီးမြောက်ရေး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

အမျိုးသားညီလာခံကြီးကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှစတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်ကျင်းပလျက်ရှိသည်။ အမျိုးသားညီလာခံကျင်းပနေခြင်းသည် ပြည်သူများ လိုလားတောင့်တနေကြသည့် စစ်မှန်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် ကြိုးပမ်းချက် တစ်ရပ်ဖြစ်သည်။ အမျိုးသားညီလာခံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရာ၌ မရှိမဖြစ်လိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် လူထုလူတန်းစားအလွှာပေါင်းစုံမှ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များက စိတ်တူသဘောတူ ဆန္ဒတူဖြင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးလျက်ရှိကြသည်။

အမျိုးသားညီလာခံတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်ကြည့်ပါက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ၊ အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ပြီဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့် ညီလာခံသို့ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည်။ အဆိုပါ ရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့တို့က ဆွေးနွေးညှိနှိုင်းပြီး အကြံပြုချက်များကို အမျိုးသားညီလာခံသို့ အသီးသီးပြန်လည်တင်ပြခဲ့ကြပြီးဖြစ်သည်။

ကျင်းပဆဲ အမျိုးသားညီလာခံကြီးတွင် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အသီးသီးတို့မှ ညီလာခံကိုယ်စားလှယ်များက ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကိုရှေးရှုပြီး ကောင်းမွန်သည့် အကြံပြုချက်များဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးအကြံပြုတင်ပြခဲ့ကြသည့်အတွက် လုပ်ငန်းများပိုမိုအောင်မြင်မှု ရရှိနေပြီဖြစ်သည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၀၆)ကို ဇန်နဝါရီလ ၁၂ ရက်နေ့က မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် **အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့အနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အမျိုးသားညီလာခံ အောင်မြင်ပြီးဆုံးသည်အထိ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးတို့မှအစ အစစ အရာရာ အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးကြရန်** မှာကြားသွားသည်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းကဏ္ဍအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေး၊ တပ်မတော်အခန်းကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးတို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံသို့ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည်။ ယခုအခါ အဆိုပါ ရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့တို့က မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကြကာ အကြံပြုချက်စာတမ်းများ ပြုစုလျက်ရှိနေကြပြီဖြစ်သည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အနေဖြင့် အမျိုးသားညီလာခံသို့ ဆက်လက်တင်ပြသွားရန်ရှိသည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လေ့လာပြင်ဆင်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးတွင် မရှိမဖြစ်လိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများအနေဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးမြောက်စေရန် ဆက်လက်၍ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ညောင်တုန်းမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များအတွက် ထာဝရဆွမ်းပဒေသာပင် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်း ညောင်တုန်းမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များ၌ သီတင်းသုံးတော်မူကြသော ဝါဆိုသံဃာတော်အပါး ၇၁၀တို့အား ဆွမ်းဆက်ကပ် လှူဒါန်းနိုင်ရန် ထာဝရဆွမ်းဒေသာပင်အဖြစ် ငွေကျပ် သိန်း ၃၀၀ကို အလှူရှင်များက ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် ညောင်တုန်းမြို့ ပုဏ္ဏမာရာမ စျေးကျောင်းတိုက်၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဇနီး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းမြို့ပုဏ္ဏမာရာမစျေးကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြသဓာဘိဝံသထံမှ ဝန်ကြီးနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် အလှူရှင်များကလှူဒါန်းငွေများကို ဆက်ကပ်လှူဒါန်းကြရာ ကျောင်းအကျိုးတော်ဆောင် ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ထာဝရဆွမ်းပဒေသာပင် အလှူရှင်များမှာ အေးရှားဝေါလ်ကုမ္ပဏီက ငွေကျပ် ၁၅၆သိန်း၊ Green Asia ကုမ္ပဏီက ငွေကျပ် ၄၂ သိန်း၊ Asia World Industries ကုမ္ပဏီက ငွေကျပ် ၃၄ သိန်း၊ Golden Aaron ကုမ္ပဏီက ငွေကျပ်၂၇သိန်း၊ Asia Light ကုမ္ပဏီက ငွေကျပ် ၂၂ သိန်းနှင့် ရတနာတောင်တန်း ကျောက်မျက်ကုမ္ပဏီက ငွေကျပ် ၁၉ သိန်းတို့ ဖြစ်ကြသည်။

ဧရာဝတီတိုင်း ညောင်တုန်းမြို့အနီးရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ နိုင်ငံတော်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို အဓိကထုတ်လုပ်ပေးလျက်ရှိရာ နိုင်ငံတော်အကျိုး၊ သာသနာအကျိုး၊ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို မျှော်ကိုး၍ စွမ်းအင်ဝန်ကြီးဌာနက ကမကထပြုလုပ်ပြီး အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ညောင်တုန်းမြို့ပေါ်ရှိ သံဃာတော်များအား ယခုကဲ့သို့ ထာဝရဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီး ရေးရာအဖွဲ့ နာယကဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါက်တာ ဒေါ်ညွှန့်ညွှန့်ဦး၊ ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ခင်စန်းဝေနှင့် အရာရှိကြီးများ၏ ဇနီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော အမျိုးသမီးရေးရာအဖွဲ့ဝင်ဝန်ထမ်းများနှင့် မိသားစုဝင် အမျိုးသမီးများ၊ ရန်ကုန်တိုင်း ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ စုစုပေါင်းအင်အား ၃၅၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးဒေါ်ကျင်စန်းက "အမျိုးသမီးများနှင့် ဥပဒေကဏ္ဍ" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ပေးအပ်

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အမျိုးသမီးရေးရာအဖွဲ့ ဝင်ခွင့်လျှောက်ထားသူ ၁၂၉၈ဦး၏ လျှောက်လွှာများကို ပေးအပ်ရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အမျိုးသမီးရေးရာအဖွဲ့ ဝင်ခွင့်လျှောက်လွှာများအား ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးထံ ပေးအပ်စဉ်။ (ပြည်ထဲရေး)

ရွှေဟင်္သာတိုက်သစ် ဆရာတော်မွေးနေ့အလှူ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၁၃) ရပ်ကွက် ရွှေယင်းမာလမ်းရှိ ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယက) ဆရာတော်ကြီး၏ သက်တော် (၈၅) နှစ်ပြည့် မွေးနေ့အလှူနှင့် ဆရာတော်ကြီးသီတင်းသုံးရန် ဦးလှရွှေ-ဒေါ်ရင်ခွမ် မိသားစု ကမ်းနားလမ်း ကြည့်မြင်တိုင်မှ ကျပ်သိန်း ၆၂ သိန်းမတည်၍ဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းသော ထေရာဝါသ စံကျောင်းတော် ရေစက်ချ အလှူတော်မင်္ဂလာကို ဇန်နဝါရီ၂၁ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အကြိုတရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ဖို့မြေမှောရုံ ဆွမ်းလောင်းအသင်းကြီး၏ (၈၈)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အကြိုတရားပွဲအဖြစ် ဇန်နဝါရီ ၁၅ရက်တွင် အရှင်ဝဏ္ဏိတ (မင်္ဂလာဂုဏ်ရည် ဆရာတော်)၊ ၁၆ ရက်တွင် အရှင်အာစာရာလင်္ကာရ(စစ်ကိုင်းရွှေဟင်္သာ ဆရာတော်)၊၁၇ရက်တွင် အရှင်သုဇာတ (မေတ္တာအေးဆရာတော်)၊ ၂၁ ရက်တွင် အရှင်စန္ဒာသူရိယ(အောင်စကြာဆရာတော်)၊ ၂၂ရက်တွင် အရှင်တေဇာစာရ (မလွန်ဆန်လှူဆရာတော်)၊ ၂၃ ရက်တွင် အရှင်ဒေါက်တာစန္ဒာဝရာဘိဝံသ (ကျိုက္ကလော့ဆရာတော်)၊ ၂၄ ရက်တွင် အရှင် ဒေါက်တာ ကုမာရာဘိဝံသ (ဇန်းမော်ဆရာတော်)နှင့် ၂၇ ရက်တွင် အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်) တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ASEAN-ROK Workshop and Exhibition on Traditional Artifacts
(16-22) January, 2006
Multipurpose Hall
National Museum

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက်သယံဇာတကဏ္ဍ

တပ်မတော်အစိုးရလက်ထက် သတ္တုတွင်းထွက်သယံဇာတများ တိုးတက်ထွက်ရှိ

သတ္တုတွင်း၊ လုပ်ကွက်နှင့် စက်ရုံများ ပြည်နယ်နှင့်တိုင်းအလိုက် တိုးတက်ပေါ်ထွက်လာ

သတ္တုတွင်းထွက် ရတနာများသည် နိုင်ငံတော်၏ စီးပွားရေးတွင် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံတော်နှင့် ဖက်စပ်လုပ်ငန်းများသည် နယ်မြေဒေသအသီးသီးတွင် သတ္တုနှင့်တွင်းထွက်သယံဇာတအမျိုးမျိုးကို စူးစမ်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်းနှင့် သိုလှောင်ရောင်းချခြင်းလုပ်ငန်းကိုဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တွင်းထွက် သယံဇာတများကို ရေရှည်အကျိုးရှိစွာ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် သတ္တုတွင်းဆိုင်ရာဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ သတ္တုတွင်းထွက် သယံဇာတများမှာ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် နယ်စပ်ဒေသများတွင် ပိုမိုအထွက်များပေသည်။ ထို့ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရင်း စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းသာမက နယ်စပ်ဒေသများ၌ တွင်းထွက်သယံဇာတများကို ရှာဖွေထုတ်လုပ်လျက်ရှိသည်။

နယ်စပ်ဒေသရှိ ကျိုင်းတုံ အရှေ့ဒေသ၊ ပလောင်ဒေသ၊ ကချင် အထူးဒေသ၊ 'ဝ'ဒေသနှင့်တနင်္သာရီဒေသတို့တွင် ကျောက်မီးသွေး၊ ထုံးကျောက်၊ ခဲ၊ သွပ်၊ နီကယ်၊ ခရိုမိုက်၊ ဂေါ်ဒန်၊ ရွှေဖြူနှင့်သံရိုင်းတို့ကို ရှာဖွေ ထုတ်လုပ်လျက်ရှိသည်။ ထို့အပြင် ပြည်နယ်နှင့်တိုင်း ဒေသအနှံ့တွင်လည်း တွင်းထွက်သတ္တုသယံဇာတများ ရှာဖွေထုတ်လုပ်လျက်ရှိရာ ဒေသအနှံ့တွင် သတ္တုလုပ်ကွက်များ ပေါ်ထွက်လာပြီး အဖိုးတန်တွင်းထွက်သယံဇာတများ တိုးတက်ထွက်ရှိလာသည်။

တပ်မတော်အစိုးရ လက်ထက် ပြည်နယ်နှင့်တိုင်း ဒေသအနှံ့တွင် သတ္တုတွင်းထွက်သယံဇာတများကို ရှာဖွေထုတ်လုပ်လျက်ရှိသော သတ္တုတွင်း၊ လုပ်ကွက်နှင့်စက်ရုံများ တိုးတက် ဖြစ်ထွန်းလာမှုတို့ကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။

ပြည်နယ်နှင့်တိုင်းအလိုက် သတ္တုတွင်း၊ လုပ်ကွက်နှင့် စက်ရုံများ

စဉ်	ပြည်နယ်နှင့်တိုင်း	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ကချင်	၃	၁၂၄၆	၁၂၄၃
၂	ကယား	၂	၁၂	၁၀
၃	ကရင်	–	၁၇	၁၇
၄	မွန်	၆	၃၁	၂၅
၅	ရခိုင်	၇	၈	၁
၆	ရှမ်း	၁၀	၃၄၄	၃၃၄
၇	စစ်ကိုင်း	၆	၆၂၇	၆၂၁
၈	တနင်္သာရီ	၁၉	၅၄	၃၅
၉	ပဲခူး	၁	၂၂	၂၁
၁၀	မန္တလေး	၁၆	၆၈၇	၆၇၁
၁၁	ဧရာဝတီ	၂	၅	၃

ကချင်ပြည်နယ် ဖားကန့်ရှိ ကျောက်စိမ်း လုပ်ကွက်ကို တွေ့ရစဉ်။

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများ စာပေ၊ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီသည် (၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များနှင့်အညီ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် အခြေခံပညာ အထက်တန်း အဆင့် ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းနှင့် အခြေခံပညာအလယ်တန်းအဆင့် ၅ တန်း၊ ၆ တန်း၊ ၇ တန်း အလိုက် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၄ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ စာစီစာကုံးပြိုင်ပွဲများကိုလည်းကောင်း၊ မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအထိ ကဗျာပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။

အခြေခံပညာအထက်တန်းအဆင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ စာစီစာကုံးပြိုင်ပွဲကိုလည်းကောင်း၊ မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအထိ ကဗျာပြိုင်ပွဲကိုလည်းကောင်း တစ်ချိန်တည်း ကျောင်းအလိုက် ကျင်းပမည်ဖြစ်သည်။

အခြေခံပညာအလယ်တန်းအဆင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ စာစီစာကုံးပြိုင်ပွဲကိုလည်းကောင်း၊ မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအထိ ကဗျာပြိုင်ပွဲကိုလည်းကောင်း တစ်ချိန်တည်း ကျောင်းအလိုက် ကျင်းပမည်ဖြစ်သည်။

စာစီစာကုံးပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် စာစီစာကုံးသည် စာလုံးရေ ၅၀၀၀ (ငါးထောင်)ထက်မပိုစေရဘဲ ကဗျာပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် ကဗျာသည် ပါဒ ၃၀၀ (သုံးရာ)ထက် မပိုစေရပါ။

အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာကျောင်းများတွင် ဖေဖော်ဝါရီ ၂ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိသက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများတွင် ဖေဖော်ဝါရီ ၂ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာ အဝေးသင်ဌာနခွဲများတွင် စာရင်းပေးသွင်း၍ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ဝင်ရောက်ဖြေဆိုနိုင်သည်။ ဗဟိုအဆင့် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲမှ ခြောက်ဦး၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲမှ ခြောက်ဦး၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲမှ ခြောက်ဦး စုစုပေါင်း ၁၈ဦးတို့ကို မတ် ၂၇ရက် တပ်မတော်နေ့တွင် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်းမကြီးနေ ဦးလှခိုင်[ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ပြည်တွင်းအခွန်များဦးစီးဌာန]-ဒေါ်ခင်ရီ မိသားစုတို့က ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည် ဩဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် တည်ဆောက်လျက်ရှိသော သုံးထပ်မဂ္ဂင်ကျောင်းတော်ကြီး တစ်ခန်းစာအတွက် လှူဒါန်းငွေကျပ် ငါးသိန်းကို ဆရာတော် ဦးပညာစက္ကထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် ၇-မိုင် သလ္လာဝတီလမ်းနေ ဒေါ်ကျော့အိမ်၊ ဒေါ်ကျော့ရန်တို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သမထဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်း နည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံ့ကြီး)က တောင်ဥက္ကလာပ (၁၂)ရပ်ကွက်ရှိ မာဃဓမ္မာရုံတော်ကြီးတွင် ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲအတွင်း လည်းကောင်း၊ ကျောက်တံတားမြို့နယ် ၃၈ လမ်း၊ မင်္ဂလာဓမ္မာရုံတွင် ဇန်နဝါရီ ၂၃ရက်မှ ၂၉ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်းလည်းကောင်း ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဇန်နဝါရီ ၁၃ ရက်က လှိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၅ ခုနှစ် ဦးမောင်မောင် (ရွှေစံအိမ်) ရာသက်ပန်စာပေဆု ချီးမြှင့်ရန်အတွက် ငွေပဒေသာပင် စိုက်ထူပွဲကို အထက (၁)လှိုင် ဘုရင့်နောင်ခန်းမတွင် ကျင်းပရာ ဦးမောင်မောင်-ဒေါ်မြင့်မြင့်(ရွှေစံအိမ်ရွှေဆိုင်)မိသားစုက မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ငွေကျပ် ၁၅ သိန်းလှူဒါန်းစဉ်။(စာပေ/စာနယ်ဇင်း)

ရမ်းဗြဲမြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်ကချီးမြှင့်သည့် သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရ သမားတော်ကြီး ဦးရွှေမြ၊ သီရိသုဓမ္မသီဂိဘွဲ့ရ ဆရာမဒေါ်သန်းသန်းတို့အား ချီးကျူးဂုဏ်ပြုပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြပါရန်နှင့် ရန်ပုံငွေထည့်ဝင်လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၁၃၄၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း-၀၉၉၉ ၂၄၃၆၃၊ ဦးတင်လှ ဖုန်း-၀၉၅၀ ၂၁၁၂၉၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉၅၀ ၁၄၂၆၄၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း-၂၅၄၂၁၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အထက(သုဝဏ္ဏ) အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အထက(သုဝဏ္ဏ) မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်းစီစဉ်သော ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတတိုးပွားစေရေးနှင့် စာရိတ္တတိုးတက်မြင့်မားရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် သီရိသုဝဏ္ဏပညာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနေမျိုး(မောင်နေမျိုး)၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လယ်တွင်းသားစောချစ်၊ ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်နှင့် အကယ်ဒမီသုမောင်တို့က ဟောပြောကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်နှင့် ဘဏ္ဍာရေးမှူး ဦးဥက္ကာအေးတို့က စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ (ပညာရေး)

အမေရိကန်အလုပ်သမားအင်အားစု၏ ၁၅ရာခိုင်နှုန်း အရက်၏ကျေးကျွန်များဖြစ်ကြောင်း လေ့လာတွေ့ရှိ

နယူးယောက် ဇန်နဝါရီ ၁၂

အမေရိကန်နိုင်ငံရှိ ရုံးဌာနများ၊ ဈေးဆိုင်များနှင့် စက်ရုံ၊ အလုပ်ရုံများသည် အရက်သောက်စားမှုပြဿနာဖြင့် ကြုံတွေ့နေဖွယ်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ခန့်မှန်းခြေအားဖြင့် အမေရိကန်အလုပ်သမားများ၏ ၁၅ ရာခိုင်နှုန်းသည် အလုပ်ခွင်တွင် အရက်သောက်ခြင်းနှင့် အလုပ်မဆင်းမီ အရက်သေစာသောက်စားခြင်းတို့ ရှိနေကြောင်း၊ အရက်၏ ကျေးကျွန်များဖြစ်နေကြောင်း ဘတ်ဖဲလိုတက္ကသိုလ် မူးယစ်ဆေးသုတေသနဌာနက ပြုလုပ်သည့် လေ့လာချက်စစ်တမ်းတစ်ရပ်အရ သိရှိရသည်။

အရက်သေစာ သောက်သုံးသည့် အလုပ်သမားဦးရေသည် ၁၉ ဒသမ ၂ သန်းရှိပြီး လုပ်ငန်းခွင်အတွင်း မူးယစ်နေခြင်း သို့မဟုတ် အရက်နာကျခြင်းတို့ကို တွေ့မြင်ရကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

အရက်သေစာ သောက်သုံးမှုကြောင့် အလုပ်ထိခိုက်ရမှုတို့နှင့် စပ်လျဉ်း၍ ပြတ်သားသည့် မူဝါဒချမှတ်ကျင့်သုံးရန် လိုအပ်နေပြီဖြစ်သည်ဟု ဖော်ပြပါ လေ့လာချက်စာတမ်းအတွက် သုတေသနပြု ရေးသားသူ ဒေါက်တာမိုက်ကယ်ယွန်က ပြောကြားသည်။

လေ့လာချက် စာတမ်းပြုစုရာတွင် သုတေသီများက အမေရိကန်နိုင်ငံတစ်ဝန်းရှိ အရွယ်ရောက်ပြီးသူ အလုပ်သမား ၂၈၀၅ ဦးကို အခြေခံ၍ ၂၀၀၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၃ ခုနှစ် ဇွန်လအထိ လေ့လာခဲ့ခြင်းဖြစ်သည်။

လူငယ်လူရွယ် တစ်ကိုယ်ရေတစ်ကာယသမားများသည် အရက်သေစာသောက်သုံးမှုကြောင့် စာရိတ္တထိခိုက်ပျက်စီးရသူများတွင် အများဆုံးပါဝင်နေသူများဖြစ်သည်ဟု ဆိုသည်။

အရက်ကြောင့် မအီမသာဖြစ်ပြီး လုပ်ငန်းခွင်ဝင်သည့် ပြဿနာမှာ အများဆုံးကြုံတွေ့နေရသည့် ပြဿနာဖြစ်နေသည်။

အမ်အင်အေ၊ရိုက်တာ။

ရဟတ်ယာဉ်ပျက်ကျ လူလေးဦးသေဆုံး

အာဆီ(ရိုမေးနီးယား) ဇန်နဝါရီ ၁၂

ရိုမေးနီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အာဆီမြို့အနီး၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာ လူလေးဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာနပိုင် အဆိုပါ ရဟတ်ယာဉ်သည် အာဆီလေဆိပ်မှ ပျံတက်ပြီး မိနစ်အနည်းငယ်အတွင်းမှာ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ်ပေါ်တွင် ဆေးကုသရေးအဖွဲ့တစ်ဖွဲ့ လိုက်ပါလာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူ ဆရာဝန်၊ သူနာပြု၊ လေယာဉ်မှူးနှင့် တွဲဖက်လေယာဉ်မှူးတို့ သေဆုံးခဲ့သည်။ လေယာဉ်ပျက်ကျမှု စစ်ဆေးရေးအဖွဲ့ကို တာဝန်ရှိသူများက ဖွဲ့စည်းတာဝန်ပေးလိုက်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မော်ရိုကိုတောင်ပိုင်း၌ ယာဉ်နှစ်စီးတိုက်မိ လူ ၂၃ဦး သေဆုံး

ရာဘတ် ဇန်နဝါရီ ၁၂

မော်ရိုကိုနိုင်ငံတောင်ပိုင်းတွင် အင်္ဂါနေ့က အဝေးပြေး ဘတ်စ်ယာဉ်နှစ်စီး တိုက်မိရာ လူ ၂၃ဦး သေဆုံးခဲ့ပြီး လူ ၆၃ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနဖြစ်သည့် အမ်အေပီက သတင်းထုတ်ပြန်သည်။

အဆိုပါဖြစ်ရပ်သည် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ လာရောက်လေ့ရှိသည့် မာရာကက်ရှ်မြို့မှ ကီလိုမီတာ ၂၀ (၁၂ မိုင်) အကွာနေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မော်ရိုကိုနိုင်ငံ၏ လမ်းမများပေါ်တွင် လမ်းမတော်တဆ ဖြစ်မှုများကြောင့် နေ့စဉ်လူ၁၀ဦးခန့်သေဆုံးရသည်ဟု ခန့်မှန်းသည်။ အစိုးရက လမ်းအန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှုကို လွန်ခဲ့သည့် နှစ်နှစ်အတွင်း ချမှတ်ဆောင်ရွက်ခဲ့သည်။ ယင်းလမ်း မတော်တဆဖြစ်မှုများကြောင့် နှစ်စဉ် မော်ရိုကိုသုံးငွေ ဒါဟမ် ၁၁ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ ၁ ဘီလီယံ) ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

မိုဇမ်ဘစ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း လူအများအပြား ရေဘေးဒုက္ခတွေ့ကြုံ

ဂျိုဟန်နက်စဘတ် ဇန်နဝါရီ ၁၂

မိုဇမ်ဘစ်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လူ ၂၂ ဦးထက်မနည်း သေဆုံးခဲ့ပြီး ယင်းနိုင်ငံနှင့် အိမ်နီးချင်း တောင်အာဖရိကနှင့် မာလာဝီနိုင်ငံတို့မှ ထောင်ချီရှိသည့် လူများသည် ရေဘေးကင်းရာသို့ ထွက်ပြေးကြရကြောင်း အရေးပေါ်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့တွင်ကြေညာသည်။

မိုဇမ်ဘစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇန်နဝါရီ ၃ ရက်က လူရှစ်ဦးသေဆုံးခဲ့ပြီး သေဆုံးသူဦးရေ သိသိသာသာ ထပ်တိုးလာနိုင်သည်။ မတ်လမတိုင်မီအထိ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ဖွယ်ရှိကာ အစိုးရက လေမုန်တိုင်းအန္တရာယ် သတိပေးတပ်လှန့်ထားသည်။

မိုးသည်းထန်မှုနှင့်အတူ ဆိုဖာလာဒေသတွင် ဝမ်းရောဂါဖြစ်ပွားသူ ၁၁၄ ဦး ရှိခဲ့ကြောင်း၊ သို့ရာတွင် မိုဇမ်ဘစ်အစိုးရက ယင်းရောဂါကို ထိန်းချုပ်နိုင်ခဲ့ပြီး ယင်းရောဂါကြောင့် သေဆုံးသူမရှိကြောင်း အုပ်ချုပ်ရေးဝန်ကြီး လူကပ်စ်ကိုမာရာက ပြောကြားသည်။

မိုဇမ်ဘစ်နိုင်ငံရှိ အထင်ကရမြစ်များတွင် စိုးရိမ်ရေမှတ် ၇ မီတာအထိ ရောက်လုနီးပါးဖြစ်နေကြောင်း၊ သို့ရာတွင် လောလောဆယ်ကာလ၌ စိုးရိမ်စရာမရှိသေးဟု ၎င်းကပြောကြားသည်။

မိုဇမ်ဘစ်နိုင်ငံတွင် ရက်သတ္တတစ်ပတ်လုံး မိုးဆက်လက်ရွာနိုင်သည်ဟု ရာသီဥတု ခန့်မှန်းသူများက ပြောကြားသည်။ မိုဇမ်ဘစ်အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့တွင် မတ်လအထိ မိုးဆက်လက်ရွာသွန်းနိုင်သည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြသည်။

မိုးသည်းထန်မှုကြောင့် ကယ်ဆယ်ရေးလုပ်သားများက ဆိုဖာလာနှင့် ဂါဇာဒေသတို့တွင် သွားလာရေးအဆက်ပြတ်နေသည့်ပြည်သူ ၈၀၀၀၀ ခန့်အား စားနပ်ရိက္ခာ ဖြန့်ဝေပေးရန် အခက်အခဲရှိနေသည်။ ယင်းဒေသများတွင် စားနပ်ရိက္ခာသိုလှောင်မှု နည်းပါးလျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဖလူးဂျာ ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံ ဖလူးဂျာမြို့တွင် ဗုဒ္ဓဟူးနေ့က အမေရိကန်စစ်ဘက် လှည့်ကင်းယာဉ်အနီးတွင် လမ်းဘေးဗုံး ဖောက်ခွဲခဲ့မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန် လှည့်ကင်းယာဉ်တစ်စီး အယ်လ်ဒူဘတ်ခရိုင်တွင် မောင်းနှင်ဖြတ်သန်းစဉ် လမ်းဘေးဗုံး ပေါက်ကွဲခဲ့သဖြင့် ဟမ်းဗီးမော်တော်ယာဉ်တစ်စီး ပျက်စီးသွားပြီး စီးနင်းလိုက်ပါလာသည့် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု မျက်မြင်တွေ့ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဖလူးဂျာမြို့အနီးတစ်ဝိုက်ရှိ စစ်ဆေးရေးဂိတ်များတွင် တာဝန်ယူနေသည့် ရဲတပ်ဖွဲ့ဝင်များနေရာတွင် အီရတ်ကြည်းတပ် တပ်ဖွဲ့ဝင်များ တာဝန်ယူရန် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တပ်ကို မေတ္တာရပ်ခံထားသည်ဟု ၎င်းမျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပြောက်ကျားများသည် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များကို တိုးမြှင့်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ရေးအရ ပြန်လည်တိုက်ခိုက်ရန် ပြင်ဆင်လျက်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

ယူဂန္ဒာ ကော်ဖီတင်ပို့မှုမှ ဝင်ငွေမြင့်တက်

ကမ်ပါလာ ဇန်နဝါရီ ၁၂

ယူဂန္ဒာနိုင်ငံသည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာတွင် ကီလို ၆၀ ဝင် ကော်ဖီအိတ် ၁၈၀၃၄၄ အိတ်ကို တင်ပို့ရာမှ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၃၅ သန်း ရရှိခဲ့ကြောင်း၊ ယင်းဝင်ငွေပမာဏမှာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာတွင် ရရှိခဲ့သည့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃၆၉ သန်း ထက် ၁၉ ဒသမ ၉၄ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ယူဂန္ဒာကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ယူစီဒီအေ)က တနင်္လာနေ့တွင် ပြောကြားသည်။ ယူဂန္ဒာနိုင်ငံသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာတွင် ကီလို၆၀ ဝင် ကော်ဖီ အိတ် ၂၃၇၄၀၆ အိတ်ကို တင်ပို့ခဲ့သည်။

၂၀၀၅ ခုနှစ် နိုဝင်ဘာတွင် ပြည်ပသို့ တင်ပို့သည့် ကော်ဖီဈေးနှုန်းမှာ တစ်ကီလိုလျှင် အမေရိကန် ၁၃၂ ဆင့် ရှိရာမှ ဒီဇင်ဘာတွင် ၁၃၇ ဆင့်သို့ မြင့်တက်လာကြောင်း၊ ၂၀၀၄ ခုနှစ် ဒီဇင်ဘာတွင် ကော်ဖီ တစ်ကီလိုလျှင် ပျမ်းမျှဈေးနှုန်းမှာ ၈၈ ဆင့်မျှသာရှိကြောင်း ယူစီဒီအေက ပြောကြားသည်။

၂၀၀၅ ခုနှစ် အောက်တိုဘာမှ စတင်သည့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်ကာလတွင် အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၅၂၅ သန်းဖိုးရှိ ကော်ဖီအိတ် ၄၈၄၅၄၁ အိတ်ကို တင်ပို့ခဲ့ရာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်ကာလ တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ကုန်ပစ္စည်းအလေးချိန် ပမာဏအားဖြင့် ၂၀ ရာခိုင်နှုန်း လျော့နည်းသွားသော်လည်း ငွေကြေး တန်ဖိုးအားဖြင့် ၃၃ ရာခိုင်နှုန်း မြင့်တက်လာသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဖလူးဂျာမြို့အနီး ကန်အခြေစိုက်စခန်း စိန်ပြောင်းဖြင့် ပစ်ခတ်ခံရ

ဖလူးဂျာ ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံ ဖလူးဂျာမြို့အနီးရှိ အမေရိကန်တပ်ဖွဲ့၏ အခြေစိုက်စခန်းအတွင်းသို့ ခုခံဆန့်ကျင်ရေးသမားများက ဇန်နဝါရီ ၁၂ ရက်က စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။ ပစ်ခတ်ခံရသော အမေရိကန် အခြေစိုက်စခန်းသည် ဖလူးဂျာမြို့၏ တောင်ဘက် ခုနစ်ကီလိုမီတာအကွာ အမာရီယဒ် အယ်လ်-ဖလူးဂျာ အရပ်တွင်တည်ရှိကြောင်း အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့များက ကြိုးကြားကြိုးကြား ပြန်လည်ပစ်ခတ်သည့်အတွက် အရပ်ဘက်ကားတစ်စီး ထိမှန်ခံရပြီး ယာဉ်မောင်းတစ်ဦး သေဆုံးသွားကြောင်း သိရသည်။ အခင်းဖြစ်ပွားပြီးနောက် ဖလူးဂျာမြို့တွင်းသို့ ဝင်သောလမ်းမကြီးကိုလည်း ကန်တပ်ဖွဲ့များက ပိတ်ထားခဲ့သည်ဟုဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် လမ်းသွားလမ်းလာတစ်ဦးကို စစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များအား ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယ်သာလန်အလယ်ပိုင်း မြို့တစ်မြို့တွင် ဓာတ်ငွေ့ပေါက်ကွဲ လူအများအပြားဒဏ်ရာရ

အမ်စတာဒမ် ဇန်နဝါရီ ၁၂

နယ်သာလန်နိုင်ငံ ယူထရက်မြို့အလယ်ပိုင်းရှိ ဈေးဆိုင်တန်းများဖြင့် စည်ကားရာနေရာတွင် အင်္ဂါနေ့က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ လူအများအပြား ထိခိုက် ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဈေးဆိုင်တန်းများ တည်ရှိရာနေရာတွင် ပေါက်ကွဲမှုအကြီးအကျယ်ဖြစ်ပွားခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုသည် ဓာတ်ငွေ့ပေါက်ကွဲမှုဟု မီးသတ်ဌာနရေဒီယိုက သတင်းထုတ်ပြန်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းသတင်းကို အတည်ပြုနိုင်ခြင်းမရှိကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် လူအများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့သော်လည်း ဒဏ်ရာရရှိသူဦးရေနှင့် စပ်လျဉ်း၍ အသေးစိတ်ပြောကြားနိုင်ခြင်းမရှိကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုသိမ်မြို့နယ်မြေခံတပ်ရင်းရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များ သုံးနှစ်အတွင်း စိုက်ဧက ငါးသိန်း ပြည့်မီအောင် စိုက်ပျိုး

* **နေ့စဉ်ပါးမှ**

ကျေးလက်နေ ပြည်သူများဘ၀ တိုးတက်စေရန် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေ ပြည်သူများအတွက် အကျိုးရှိစေရန် အခြေခံစီးပွားရေးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် နည်းလမ်းများ ရှာဖွေကာ ညွှန်ပြကူညီ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ကျေးလက်နေ ပြည်သူများကလည်း ပူးပေါင်းပါဝင်ပြီး အားကြိုးမာန်တက် ဆောင်ရွက်ကြရန် လိုကြောင်း၊ မြို့နယ်အတွက် သတ်မှတ်ပေးထားသည့် နေ့စပါး စိုက်ဧကကို ပြည့်မီအောင် အချိန်မီ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးကြရန် နိုင်ငံတော်က လမ်းညွှန်ချက်ချမှတ်ပေးထားပြီးဖြစ်ကြောင်း။

မှာကြားလို

ခြံစည်းရိုး ကြက်ဆူပင်မှ ထုတ်လုပ်သည့် ဇီဝဒီဇယ်ဆီကို လယ်ထွန်စက်၊ ရေတင်စက်၊ လျှပ်စစ်ဓာတ်အားပေးစက်တို့တွင် စက်မောင်းဆီအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ကြောင်း၊ ကြက်ဆူစေ့ကြိတ်ဖတ်များကိုလည်း မြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ ကုန်ကျစရိတ် သက်သာစွာဖြင့် စိုက်ပျိုးနိုင်ပြီး အပင် ၁၂၀၀လျှင် တစ်ဧကနှုန်းဖြင့် စိုက်ပျိုးပါက စရိတ်သက်သာစွာဖြင့် စိုက်ပျိုးနိုင်ပြီး ဒီဇယ်ဆီ ၇၃ ဂါလန်မှ ဂါလန်၁၀၀ အထိ ရရှိနိုင်ပြီး သဘာဝမြေဩဇာ တစ်တန်ခန့်ကိုလည်း ရရှိနိုင်မည့် ခြံစည်းရိုး ကြက်ဆူပင်ကို တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် သတ်မှတ်ပေးထားသည့် စီမံချက်များနှင့်အညီ စိုက်ပျိုးလုပ်ကိုင်ကြရန်နှင့် တာဝန်ရှိသူများကလည်း နည်းပညာများပေးကာ ကူညီပံ့ပိုးကြရန် အလေးအနက် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စိုက်ခင်းအတွင်း စိုက်ပျိုးထားသည့် မျိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်၊ ပေါင်းပျိုးစနစ်ဖြင့် စိုက်ပျိုးခြင်း၊ ဆင်းသွယ်လတ် မျိုးပွားခင်း၊ SR-502 နေ့စပါးပျိုးထောင်စိုက်ပျိုးမှုနှင့် ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းနှင့် ကြက်ဆူပင်အပင်ပေါက်၊ ကြက်ဆူသီးအစေ့၊ ကြက်ဆူစေ့ကြိတ်ဖတ်နှင့် ကြက်ဆူပင်မျိုးကိုင်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တွေ့ဆုံပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကန်ကြီးထောင့်မြို့နယ်အနေဖြင့် မိုးစပါးစိုက်ပျိုးရန် ၁၄၂၈၅၇ ဧက သတ်မှတ်လျာထားခဲ့ရာ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပြီး နေ့စပါး လျာထားဧက ၁၁၄၂၀၀ အနက် ဧကခုနစ်သောင်းကျော် စိုက်ပျိုးနိုင်ပြီး ရာသီမကုန်မီ အပြည့်အ၀ စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ခြံစည်းရိုးကြက်ဆူပင်ကိုလည်း သုံးနှစ်အတွင်း လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်နေသည့် ပုသိမ်–ကံကုန်း–မြင်းကဆိပ်–မြောင်းမြလမ်းရှိ ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်) တည်ဆောက်ရေးစီမံကိန်းသို့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်)ပေါ်မှ ဖြတ်သန်း၍ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရာ တံတားတည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာမှူး ဒေါ်စီသန်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဒေါ်စီသန်းက တံတားတည်ဆောက်ပြီးစီးမှု အခြေအနေ၊ ချဉ်းကပ်လမ်း တည်ဆောက်မည့် အစီအစဉ်နှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်လှက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တံတားကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဘေလီသံပေါင်ကြိုးတံတား

ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်)သည် အရှည်ပေ ၁၂၆၀ ရှိ ဘေလီသံပေါင်ကြိုးတံတား အမျိုးအစားဖြစ်သည်။ ယခုအခါ ပုသိမ်မှ မြောင်းမြသို့ ပုသိမ်–ဒါးက၊ အိမ်မဲ–မြောင်းမြ ကားလမ်းအတိုင်း သွားရောက်လျက်ရှိရာ ခရီးမိုင် ၆၅ မိုင်ရှိပြီး ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်) ပြီးစီးသွား၍ ပုသိမ်–ကံကုန်း–မြင်းကဆိပ်–မြောင်းမြ ဖြတ်လမ်းဖြင့်သွားပါက ခရီးမိုင် ၃၂ မိုင်သာရှိမည်ဖြစ်ပြီး ခရီးမိုင် ၃၃ မိုင် တိုတောင်းသက်သာကာ ပုသိမ်မှ မြောင်းမြသို့ လျင်မြန်ချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည်။

ယခုအခါ ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်)မှာ တံတားတည်ဆောက်မှုလုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးလျက်ရှိပြီး တံတားပေါ်ရှိ လူသွားလမ်း လက်ရမ်း၊ ဘေးကာနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများသာ ဆောင်ရွက်ရန် ကျန်ရှိတော့သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မြောင်းမြဘက်ကမ်းမှ ပုသိမ်ဘက်ကမ်းသို့ ဇက်ရေယာဉ်ဖြင့် ကူး၍ ဇက်ရေယာဉ်ပေါ်မှ တံတားပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ ပုသိမ်–ရန်ကုန်လမ်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံပိုးမွှားကာကွယ်ရေးစခန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စခန်း၌ စိုက်ပျိုးထားသည့် ငရုတ်ကောင်းပင် ပျိုးထောင်စိုက်ပျိုးထားမှု၊ ခြံစည်းရိုးကြက်ဆူပျိုးခင်း၌ ကိုင်းပျိုးပင် ၇၁၄ပင် ပျိုးထောင်ထားမှု၊ အစေ့ပျိုးပင် ၃၁၂၀ ပင် စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်မန်နေဂျာ ဦးလှဝေက ရှင်းလင်းတင်ပြသည်။

စံပြစိုက်ကွက်များထူထောင်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ခြံစည်းရိုး ကြက်ဆူပင် မျိုးစေ့၊ မျိုးကိုင်းနှင့် အပင်ပေါက်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ပျိုးရန် မြေနေရာရှိသည့် ခရိုင်များတွင် ခြံစည်းရိုး ကြက်ဆူပင် တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ စံပြစိုက်ကွက်များ ထူထောင်ရန်နှင့် ဒေသခံများအား ခေါ်ယူပြသ၍ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်း၏ မြေအသုံးချမှု၊ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးနိုင်မှု၊ အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်သီးနှံ၊ အမယ်သစ်(အမည်သစ်) သီးနှံများ စိုက်ပျိုးနိုင်မှု၊ ခြံစည်းရိုးကြက်ဆူပင် သုံးနှစ်အတွင်း ဧကငါးသိန်း ပြည့်မီအောင် စိုက်ပျိုးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဧရာဝတီတိုင်းအတွင်း လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

တိုးတက်ထုတ်လုပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စပါးကျီဖြစ်ပြီး သားငါးထုတ်လုပ်မှုတွင်လည်း အားထားရသည့်တိုင်းတစ်တိုင်းဖြစ်ရာ လယ်ယာသားငါးထွက်ကုန်များကို နှစ်စဉ်တိုးတက်အောင် ထုတ်လုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၃၆ သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး လာမည့်နှစ်တွင် ဧကတစ်သိန်း ထပ်တိုး၍ ဧက ၃၇ သိန်း စိုက်ပျိုးနိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး အားလုံးဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်ပင်သုံးမျိုး၊ အမယ်သစ်(အမည်သစ်) သုံးမျိုးကို တိုးတက်စိုက်ပျိုးဆောင်ရွက်ကြရန် လိုကြောင်း၊ အထူးသဖြင့် ကျေးလက်နေ ပြည်သူများသာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိမည့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို သုံးနှစ်အတွင်း စိုက်ဧကငါးသိန်း ပြည့်မီအောင် စိုက်ပျိုးရေးအတွက် ဝီရိယစိုက်ထုတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သိပ္ပံနည်းကျစိုက်ပျိုး

ကျေးရွာများတွင်လည်းကောင်း၊ ဥယျာဉ်ခြံမြေများတွင်လည်းကောင်း ခြံစည်းရိုးအဖြစ် စိုက်ပျိုးရန်နှင့် မြေအလုံအလောက်ရှိသည့် နေရာများတွင် စိုက်ခင်းကြီးများထူထောင်၍ သိပ္ပံနည်းကျ စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးနည်းပညာများကို ပညာပေးစည်းရုံးမှုများ၊ ပံ့ပိုးမှုများကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းသည် ပဲမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းသည့် အခြေအနေကောင်းများရှိရာ ပိုမိုတိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဧရာဝတီတိုင်း၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတိုးတက်ရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဌာနဆိုင်ရာများအနေဖြင့် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

လျာထားချက်အပြည့်စိုက်ပျိုး

ဧရာဝတီတိုင်းအနေဖြင့် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးရန် ဧက ၃၆ သိန်း လျာထားသတ်မှတ်ခဲ့ရာ ၃၆၀၀၃၅၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၅–၂၀၀၆ ခုနှစ်အတွက် နွေစပါး ဧက ၁၆၈၇၁၄၀ စိုက်ပျိုးရန်လျာထား သတ်မှတ်ထားရာ စိုက်ပျိုးရာသီအမီ လျာထားချက်အပြည့်အ၀ စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ခြံစည်းရိုးကြက်ဆူပင်ကို သုံးနှစ်အတွင်း ဧကငါးသိန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ နယ်မြေခံတပ်ရင်းရှိ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းသို့ ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့ ၁၂၀၀၀ ပျိုးထောင်ထားမှု၊ ကိုင်း ၁၀၀၀၀ ပျိုးထောင်ထားမှုနှင့် ကိုင်းစိုက်ခင်း နှစ်ဧက စိုက်ပျိုးထားမှုနှင့် ကိုင်းပျိုးထောင်ရန် မျိုးအိတ်အတွင်း မြေထည့်သွင်းပျိုးထောင်မှုများကို လှည့်လည်ကြည့်ရှုအားပေးရာ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစိုးထက်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့သည် ခြံစည်းရိုး ကြက်ဆူပင် အသီးစိမ်း၊ အသီးမှည့်၊ မျိုးစေ့နှင့် မျိုးကိုင်းတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မျိုးအိတ်များအတွင်း ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းတို့ကို ထည့်သွင်းပျိုးထောင်စိုက်ပျိုးပေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌော မဟာစေတီမြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဦးမောင်ကြီးတန်ဆောင်းမှ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ အလင်းတိုင်များ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ကြည်ညိုပြီး ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ခြစည်းရိုးကြက်ဆူပင်ကို အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးကြပါစို့

မောင်ဝ(စိုက်ပျိုးရေး)

သဘာဝက လူတို့အတွက်အရာရာဖန်တီးပေးထားပြီးဖြစ်ပါသည်။ သိသူဖော်စား၊ မသိသူကျော်သွား ဆိုသည့် စကားပုံအတိုင်း သဘာဝက ဖန်တီးပေးထားသည့် အရင်းအမြစ်များကို ကြိုးပမ်းရှာဖွေဖော်ထုတ်အသုံးချရန်သာလိုအပ်ပါသည်။ သဘာဝအရင်းအမြစ်များကို ဖော်ထုတ်ရာတွင် အဓိကအားဖြင့် စားဝတ်နေရေးကို တိုက်ရိုက်အလေးထား ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ထွက်ကုန်ပစ္စည်းများကို တစ်နေရာနှင့်တစ်နေရာ သယ်ယူပို့ဆောင်ဖြည့်တင်းပေးနိုင်မှသာ လူတို့အတွက် အဆင်ပြေမည် ဖြစ်ပါသည်။

လူတို့၏ စားဝတ်နေရေးအတွက် သယ်ယူပို့ဆောင်ဖြည့်တင်းရာတွင် သဘာဝမှ အလိုအလျောက်ထွက်ရှိသော သယံဇာတဖြစ်သည့် ရေနံကို အားထားနေရမှုမှာ ရာစုနှစ်ကျော်လာပြီဖြစ်၍ ရေနံသဘာဝသယံဇာတမှာ တဖြည်းဖြည်း အထွက်လျော့နည်းလာနေပြီဖြစ်ပါသည်။

ရေနံသဘာဝသယံဇာတ လျော့နည်းလာသည်နှင့်အမျှ အခြားနည်းလမ်းများဖြင့် အစားထိုးနိုင်ရေးကို နိုင်ငံအတော်များများမှ စဉ်းစား၍ စမ်းသပ်တီထွင်လာကြသည်ကို တွေ့ရပါသည်။ တီထွင်ကြံဆမှုများအနက် သီးနှံပင်မှ ရေနံအစားထိုးလောင်စာဆီကို ရနိုင်သမျှ လက်လှမ်းမီ သုတေသနပြုလုပ်လာကြသည်ကို တွေ့ရပါသည်။

သီးနှံပင်များမှ ရေနံအစားထိုးလောင်စာဆီရရှိရေး သုတေသနပြု ရှာဖွေဖော်ထုတ်ကြရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအနေဖြင့် သီးနှံစိုက်ပျိုးမှုတိုးတက်ရေးနှင့် ထုတ်လုပ်မှုတိုးတက်ရေးအတွက်ဆောင်ရွက်လျက်ရှိရာ ၂၀၀၄ခုနှစ်မှစ၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ စိုက်ပျိုးစမ်းသပ်တီထွင်ကြံဆမှုဖြင့် ခြစည်းရိုးကြက်ဆူပင်မှ ဘိုင်အိုဒီဇယ်ဆီထုတ်လုပ်မှု အောင်မြင်စွာ ဖော်ထုတ်ရရှိခဲ့ပါသည်။

ခြစည်းရိုးကြက်ဆူပင်ကို မြန်မာနိုင်ငံတွင် အပူပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းတို့တွင် ရှေးနှစ်ပေါင်းများစွာကပင် သီးနှံစိုက်ပျိုးသော ယာမြေများ၊ နေအိမ်၊ ကျေးရွာခြစည်းရိုးများတွင် ခြစည်းရိုးပင်များအဖြစ် စိုက်ပျိုးထားသည်ကို တွေ့ရှိရပါသည်။

ခြစည်းရိုးကြက်ဆူပင်ကဲ့သို့ အခြားကြက်ဆူပင်တစ်မျိုးလည်း မြန်မာနိုင်ငံတွင် ပေါက်ရောက်သည်ကို တွေ့ရှိရပါသည်။ အဆိုပါ ကြက်ဆူပင်မှာ ခြစည်းရိုးကြက်ဆူကဲ့သို့ အပင်ပုံသဏ္ဍာန်နှင့် အသီးမှာမတူဘဲ အရွက်မှာ ကြီးမားကျယ်ပြန့်ပြီး အသီးအခိုင်အလိုက် အထက်သို့ ထောင်မတ်သီးလေ့ ရှိပါသည်။ မြန်မာနိုင်ငံတွင်ပေါက်ရောက်မှုများသော်လည်း ခြစည်းရိုး ကြက်ဆူလောက် ဖြစ်ထွန်းပွားများမှုမရှိပါ။ ယင်းကြက်ဆူအသီးမှာ အပေါ်ယံတွင် ဆူးပျော့များဖြင့် ခြင်းလုံးကဲ့သို့ရှိပြီး အစေ့မှာအကျားဖြစ်ပါသည်။အင်္ဂလိပ်အမည် Castor ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Ricinus communis ဖြစ်ပါသည်။

ခြစည်းရိုးကြက်ဆူပင်၏ အင်္ဂလိပ်အမည် Physic nut (Pur ging nut) ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Jatropha curcas ဖြစ်ပါသည်။ အသီးမှာလုံးချောဖြစ်၍ အောက်သို့တွဲလောင်းကျ၍ သီးပါသည်။ အစေ့မှာ အနက်ရောင်ဖြစ်ပါသည်။ ခြစည်းရိုးကြက်ဆူပင်၏ မူရင်းဒေသမှာ အလယ်ပိုင်း အမေရိကနိုင်ငံများဖြစ်သော မက္ကဆီကိုနိုင်ငံ၊ ကော်စတာရီကာ၊ အယ်လ်ဆာဗေးဒိုး၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်၊ နီကာရာဂွာနှင့် ပနားမားနိုင်ငံများဖြစ်ပါသည်။ အဆိုပါဒေသများမှတစ်ဆင့် ကာရစ်ဘီယံဒေသနှင့် အနောက်အိန္ဒိယကျွန်းစုများ၊ တောင်အမေရိကနိုင်ငံများသို့ အဆင့်ဆင့် ပျံ့နှံ့လာပြီးနောက် ပေါ်တူဂီကုန်သည်များသယ်ယူလာသဖြင့် အာဖရိကနှင့် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများသို့ ၁၇ ရာစုခန့်ကပင် ရောက်ရှိလာခဲ့သည့်အထောက်အထားများ တွေ့ရှိရပါသည်။ နိုင်ငံအများစု၌ ယင်းနိုင်ငံ၏ ဘာသာစကားဖြင့် ခြစည်းရိုးကြက်ဆူဆီပင်အဖြစ် ခေါ်ဆိုခြင်းကို ထောက်ရှုခြင်းအားဖြင့် ခြစည်းရိုးပင်အဖြစ်လည်းကောင်း၊ ဆီထွက်အပင် အဖြစ်လည်းကောင်း၊ ရှေးယခင်ကပင် အသုံးပြုခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင်လည်း ခြစည်းရိုးကြက်ဆူပင်ဟုပင် ခေါ်ဝေါ်သုံးစွဲပါသည်။

အပင်ပုံသဏ္ဍာန်အနေဖြင့် ခြစည်းရိုးကြက်ဆူပင်သည် နှစ်ရှည်ခံ အပင်ပုမျိုးဖြစ်ပြီး အပင်သည် ခြောက်ပေမှ ၁၈ ပေအထိ ရှိတတ်ပါသည်။ ပင်စည်နှင့်ကိုင်းများသည် အခေါင်းပွများဖြစ်ပြီး နို့နှစ်ရောင် (သို့မဟုတ်) အဝါရောင်သမ်းသော အစေးရည်ထွက်ရှိပါသည်။ အရွက်မှာ ဝါရွက်ကဲ့သို့ အရွက်အချိုင့် ငါးခုပါရှိပြီး အကျယ်သုံးလက်မမှ ခြောက်လက်မခန့် ရှိပါသည်။ သီးပွင့်မှုသဘာဝအနေဖြင့် အစိမ်းရောင်သမ်းသည့် ပန်းခိုင်၊ အဝါရောင်သမ်းသည့်အပွင့်ရှိပြီး ခေါင်းလောင်းပုံသဏ္ဍာန်ရှိပါသည်။ ပန်းခိုင်များမှာ အကိုင်း၏အဖျားပိုင်းမှထွက်ပါသည်။ တစ်ပင်တည်းတွင် အဖိုပွင့်၊ အမပွင့်သီးခြားစီရှိသော အပင်မျိုးဖြစ်ပါသည်။ ခြောက်သွေ့သော ဒေသ၌ ပန်းပွင့်ချိန်နှင့် အသီးသီးချိန် တစ်နှစ်လျှင် နှစ်ကြိမ်ရှိပါသည်။ ပထမအကြိမ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် ပန်းပွင့်ပြီး အသီးကို မေလတွင်ရရှိပါသည်။ ဒုတိယအကြိမ် ဩဂုတ်လ၊ စက်တင်ဘာလများတွင် ပန်းပွင့်ပြီးနောက် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် အသီးရရှိပါသည်။ ပန်းပွင့်ခြင်းနှင့်အသီးသီးခြင်းသည် အစိုဓာတ်ရရှိမှုနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိပါသည်။ အသီးသည် လုံးဝန်း၍ အစိမ်းရောင်ရှိပြီး ၂ ဒသမ ၅၄ စင်တီမီတာ အရှည်ရှိပါသည်။ ပင်စည်တွင် အခိုင်လိုက်သီးကာ တစ်ခိုင်လျှင် ငါးလုံးမှ ၁၀ လုံးအထိရှိပါသည်။ ရင့်မှည့်ပါက အဝါရောင် ပြောင်းလာပြီးနောက် တဖြည်းဖြည်း ခြောက်၍ အမည်းရောင်သို့ ပြောင်းလဲသွားပါသည်။ အသီးတစ်လုံးလျှင် အစေ့အိမ်သုံးခန်းပါဝင်သဖြင့် သုံးစေ့ရရှိနိုင်ပြီး အစေ့မှာအနက်ရောင်ရှိပါသည်။ အပင်သက်တမ်းမှာ နှစ်ပေါင်း ၅၀ အထိရှိနိုင်ပြီး ခြောက်နှစ်မှ နှစ် ၃၀ အထိ အသီးထွက်နှုန်းကောင်းမွန်ပါသည်။

ခြစည်းရိုး ကြက်ဆူပင်စိုက်ခင်းမှ အသီးဆွတ်ခူးနေစဉ်။

ခြစည်းရိုးကြက်ဆူပင်၏ အသီးမှည့်နှင့် အစေ့။

ခြစည်းရိုးကြက်ဆူသည် အပူပိုင်းခြောက်သွေ့သော ဒေသမှ စွတ်စိုသော သမပိုင်းအထိဖြစ်ထွန်းနိုင်ပါသည်။ နှစ်စဉ်မိုးရေချိန် ၁၈ လက်မမှ ၉၃ လက်မအထိရရှိသော ဒေသအားလုံးတွင် ဖြစ်ထွန်းနိုင်ပြီး အသင့်တော်ဆုံး အပူချိန်မှာ ၁၈ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ် အတွင်းဖြစ်ပါသည်။ အပူချိန်မြင့်၍ ခြောက်သွေ့သော ဒေသများတွင် ဖြစ်ထွန်းနိုင်ပါသည်။ မိုးရွာသွန်းမှုကောင်း၍ အစိုဓာတ်ရရှိသော ဒေသများတွင်တစ်နှစ်ပတ်လုံး သီးပွင့်နိုင်ပြီး ကျန်ဒေသများတွင် တစ်နှစ် နှစ်ကြိမ် သီးပွင့်ပါသည်။

အမြင့်ပေ ၅၀၀၀ ကျော်အထိ စိုက်ပျိုးနိုင်ပါသည်။ ခြောက်သွေ့သော အပူပိုင်းဒေသများတွင် လိုအပ်ပါက တစ်လ ရေတစ်ကြိမ်မှ နှစ်ကြိမ်ပေးပါက ပန်းများဆက်တိုက်ပွင့်ပြီး အသီးသီးနိုင်ပါသည်။ မြေအမျိုးအစားအနေဖြင့် မြေကောင်း မြေညံ့မရွေး စိုက်ပျိုးနိုင်ပါသည်။ အသင့်လျော်ဆုံးမြေမှာ ရေစိမ့်ဝင်မှုကောင်းမွန်သော သဲဆန်သည့်မြေဖြစ်ပါသည်။ စိုက်ပျိုးရာတွင် ရေမဝပ်စေရန် ဂရုပြုရပါမည်။

ခြစည်းရိုးကြက်ဆူကို မေလနောက်ပိုင်းမှ ဇွန်လလဆန်းပိုင်းအထိတွင် တစ်ကြိမ်စိုက်ပျိုးနိုင်ပြီး မိုးနှောင်းစိုက်အဖြစ် နိုဝင်ဘာလဆန်းမှ ဒီဇင်ဘာလဆန်းအထိ တစ်ကြိမ်၊ မြေတွင်းအစိုဓာတ်ရှိသော ကာလများတွင် စိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးရာတွင် စိုက်ခင်းအဖြစ်လည်းကောင်း၊ ကျင်းစိုက်အဖြစ် လည်းကောင်း စိုက်ပျိုးနိုင်ပြီး စိုက်ခင်းအဖြစ် စိုက်မည်ဆိုပါက နွားထယ်သုံးစပ်၊ ထွန်ခြောက်စပ်ဖြင့်လည်းကောင်း၊ ထွန်စက်ကြီးဖြင့် လုပ်ကိုင်ပါက စက်ထယ်သုံးသွား၊ လင်ပန်းထယ်တစ်စပ်၊ စက်ထွန် ၁၆ သွားဖြင့် နှစ်စပ်သုံးစပ်ထိုး၍ လည်းကောင်း၊ မြေပြုပြင်ပြီး သဘာဝမြေဩဇာလှည်း ၁၀ စီး ချပြီး မြေပြုပြင်စိုက်ပျိုးနိုင်ပါသည်။ ကျင်းစနစ်ဖြင့် စိုက်မည်ဆိုပါက တစ်ပေပတ်လည်၊ တစ်ပေအနက်ကျင်းများကို ခြောက်ပေအကွာတူး၍ အပေါ်ယံမြေနှင့် နွားချေးဆွေး၊ သဘာဝမြေဆွေးဆတူရောစပ်၍ စိုက်ပျိုးနိုင်ပါသည်။

စနစ်ကျသော စိုက်ပျိုးနည်းများအနေဖြင့် ခြစည်းရိုးကြက်ဆူကို ကိုင်းဖြတ်စိုက်ပျိုးခြင်းနှင့် အစေ့ဖြင့် စိုက်ပျိုးခြင်း နှစ်မျိုးရှိရာ ကိုင်းဖြတ် စိုက်ပျိုးရာတွင် ကိုင်းဖြတ်ပြီး တိုက်ရိုက်စိုက်ပျိုးခြင်းနှင့် ပျိုးထောင်စိုက်ပျိုးခြင်း နှစ်နည်းရှိပါသည်။ ကိုင်းဖြတ်ပြီး တိုက်ရိုက်စိုက်ပျိုးရာတွင် အကိုင်း၏အရွယ်မှာ လုံးပတ် ၁ လက်မမှ ၁ ဒသမ ၅ လက်မရှိပြီး အကိုင်း၏ အရှည်မှာ ၉ လက်မမှ ၁၂ လက်မရှိရမည်ဖြစ်ပါသည်။ ကိုင်းဖြတ်စိုက်ပျိုးရာတွင် မိုးများပါက ကိုင်းများပုပ်တတ်သဖြင့် မိုးနှောင်းပိုင်းတွင် စိုက်ပျိုးနိုင်ပါသည်။ ကိုင်းဖြတ်ပြီး ပျိုးထောင်စိုက်ပျိုးရာတွင် ကိုင်းဖြတ်များကို ၆x၄ လက်မအရွယ် ပျိုးအိတ်များတွင် မြေဆွေးနှင့်ရိုးရိုးမြေဆတူရောထားသော စပ်မြေထည့်၍ ကိုင်းများကို ပျိုးအိတ်များတွင် ပျိုးထောင်နိုင်ပါသည်။ နှစ်လသားတွင် ရွှေ့ပြောင်းစိုက်ပျိုးနိုင်ပါသည်။

အစေ့မှစိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် မျိုးစေ့နှစ်ပြည် လိုအပ်ပါသည်။ အစေ့ကိုတိုက်ရိုက်စိုက်ပျိုးခြင်းနှင့် ပျိုးထောင်စိုက်ပျိုးခြင်း နှစ်နည်းရှိပြန်ရာ တိုက်ရိုက်မျိုးစေ့ချမစိုက်မီ တစ်ညရေစိမ်ထားပါ။ တစ်ကျင်းနှင့်တစ်ကျင်း ခြောက်ပေကွာထား၍ မျိုးစေ့ချပါ။ အစိုဓာတ်လုံလောက်စွာရပါက ၁၀ ရက်အကြာတွင် အပင်ပေါက်လာပါသည်။ အပင်ပေါက်ပြီး သုံးပတ်အတွင်း တစ်ပင်ချန်၍ လိုသောအပင်များနုတ်ပစ်ပါ။ တစ်ချိန်တည်းတွင် အပင်မပေါက်သောကျင်းများကို အပြီးဖာထေးစိုက်ပျိုးပေးပါ။ အပင်ပေါက်ပြီး ရှစ်လအကြာတွင် ပန်းစတင်ပွင့်ပြီး **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁

အဓိကလိုအပ်ချက်ဖြစ်သည့် စက်သုံးဆီ (Bio Diesel) ထုတ်ယူရာတွင် ကျေးရွာများတွင်ရှိသော လက်လှည့်ဖိစက်၊ ဟိုက်ဒရောလစ်ဖိစက်နှင့် လွန်သွားဖြင့်ကြိတ်၍ ထုတ်ယူသည့်နည်းများဖြင့် ထုတ်ယူနိုင်ပါသည်။ ကြက်ဆူဆီကို အနယ်အနှစ်များ ပြောင်စင်အောင် အဝတ်ပိတ်စဖြင့် စစ်ပြီးလျှင် ပစ်စတင်တစ်လုံးထိုး အင်ဂျင်များတွင် လောင်စာဆီအဖြစ် မပြုပြင်ဘဲ တိုက်ရိုက်အသုံးပြုနိုင်ပါသည်။ စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် ခြစည်းရိုးကြက်ဆူဆီဖြင့် လယ်ယာ ၁၆ လက်တွန်းထွန်စက်မှ ထွန်စက်ကြီးများအထိ စမ်းသပ်သုံးစွဲမောင်းနှင်ရာ အောင်မြင်မှုရှိနေပြီဖြစ်ပါသည်။

❁ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

ပန်းပွင့်ပြီး နှစ်လသုံးလတွင် အသီး စတင်ရင့်မှည့်ပါသည်။ ပျိုးထောင်စိုက်ပျိုးပါက ၆x၄လက်မအရွယ် ပျိုးအိတ်များကို အသုံးပြုပါ။ မြေသားလေးဆနှင့် သဘာဝမြေဆွေးတစ်ဆ ရောစပ်ထားသော စပ်မြေကို ပျိုးအိတ်များတွင်ထည့်ပါ။ ပျိုးအိတ်တစ်အိတ်လျှင် တစ်ညရေစိမ်ထားသော မျိုးစေ့ နှစ်စေ့ထည့်ပါ။ မျိုးစေ့များကို နှစ်လက်မအနက်ထားပါ။ ပျိုးထောင်ပြီး နှစ်လသုံးလသား အရွယ်တွင် ပြောင်းရွှေ့ စိုက်ပျိုးပါ။ စိုက်ခင်းတွင် ပင်ခြား၊ တန်းခြား ၆x၆ ပေ ခွာ၍ တစ်ကျင်းလျှင် တစ်ပင် ရွှေ့ပြောင်းစိုက်ပျိုးပါ။ မိုးဦးကျတွင် ပြောင်းရွှေ့စိုက်ပျိုးပါ၊ ခြံစည်းရိုးကြက်ဆူကို အပင် တစ်ရှူးမွေးမြူရေး နည်းလမ်းဖြင့်လည်း ပွားများနိုင်ပါသည်။

ခြံစည်းရိုးကြက်ဆူသည် ရေဝပ်ခြင်းကို မကြိုက်ပါ။ ရေများစွာမလိုအပ်သော်လည်း ခြောက်သွေ့ချိန်တွင် တစ်လလျှင် ရေတစ်ကြိမ် နှစ်ကြိမ်ပေးပါ။ ရေပေးသွင်းပြီး စိုက်ပါက တစ်နှစ်လုံး ပန်းပွင့်၍ အသီးသီးနိုင်ပါသည်။ ရေပေးရာတွင် လွန်ကဲစွာပေးမိပါက သေသည်အထိ ဖြစ်နိုင်ပါသည်။ အသီးထွက်နှုန်းပိုမိုစေရန် စိုက်ကျင်း တစ်ကျင်းလျှင် နွားချေး၊ ကြက်ဆူ ကြိတ်ဖတ် စသည့်သဘာဝမြေသြဇာ ၂၅ကျပ်သားကို အောက်မြေနှင့်ရော၍ ထည့်ပြီး အပေါ်ယံမြေနှင့်ယူရီးယား ၁ဒသမ ၂၅ကျပ်သား၊ တီစူပါ ၂ဒသမ ၅ကျပ်သား၊ ပိုတက် တစ်ကျပ်သား ရောထည့်ပေးပါ။ ပေါင်းမြက်များကို ရှင်းလင်းအောင် ဆောင်ရွက်ပေးရပါမည်။ အပင်သက်တမ်း သုံးလလေးလသား အတွင်းတွင် အပင်အမြင့် ၁ဒသမ၅ပေခန့်မှ ခေါင်နှိမ်ကိုင်းဖြတ်ပေးရပါမည်။ ခေါင်နှိမ်ပေးမှသာ ရှစ်ကိုင်းမှ ၁၂ ကိုင်းခန့် ထွက်လာနိုင်ပါသည်။ အပင်အမြင့် ခြောက်ပေသာ ရှိသင့်ပါသည်။

သီးညှပ်အဖြစ် ခြံစည်းရိုးကြက်ဆူနှင့် ချင်း၊ နနွင်း၊ နာနတ်စသည့် အရိပ်ကြိုက်သည့်အပင်များ၊ ပဲအမျိုးမျိုး၊ ပိုးစာပင်၊ နာနတ်လျှော်၊ သစ်တော်ပင်များနှင့် စိုက်နိုင်ပါသည်။ သို့သော် ပီလောပီနံတွင် ကျရောက်တတ်သော ရောဂါတစ်မျိုးမျိုး၏ လက်ခံပင်ဖြစ်သည့်အတွက် တွဲဖက်၍ မစိုက်သင့်ပါ။

ပိုးမွှားအနေဖြင့် ပိုးနသန်၊ ကျိုင်းပိုး၊ ပျပိုး၊ စုပ်စားပိုးများကျရောက်တတ်ပြီး ရောဂါအနေဖြင့် ပင်ညှိုးရောဂါနှင့် ရွက်ပြောက်ရောဂါများ ကျရောက်တတ်ပါသည်။ ပိုးမွှားအတွက် စိမ့်ဝင်သတ္တိရှိသော ဆေးများ၊ စားသေသတ္တိဆေးများနှင့် ကာကွယ်နိုင်ပြီး ရောဂါနှင့်ပတ်သက်၍ မှိုရောဂါ သတ်ဆေးများဖြင့် ကာကွယ်နှိမ်နင်းနိုင်ပါသည်။

ခြံစည်းရိုးကြက်ဆူကို ကိုင်းဖြတ်စိုက်ပျိုးလျှင် ခြောက်လမှ ရှစ်လ အတွင်း၊ အစေ့ဖြင့်စိုက်ပျိုးလျှင် ရှစ်လမှ ၁၀ လ အတွင်း အသီးစတင်သီးပါသည်။ ပန်းပွင့်ပြီး သုံးလအကြာတွင် အသီးများရင့်မှည့်ပါသည်။ အစေ့အထွက်နှုန်းမှာ အပင်ငယ်စဉ် နှစ်နှစ်မှ ငါးနှစ်သားအတွင်း တစ်ပင်လျှင် နွေသီးနို့ဆီဘူး နှစ်ဘူးကို မေလတွင်လည်းကောင်း၊ မိုးသီး တစ်ပြည်ကို ဒီဇင်ဘာလတွင်လည်းကောင်း ခူးဆွတ်ရရှိသဖြင့် တစ်ဧကလျှင် အစေ့ ထွက် ၉၃ တင်း (၁ ဒသမ ၅တန်)ထွက်ရှိပြီး ခြောက်နှစ်သားမှစတင်၍ နွေသီး နို့ဆီဘူးသုံးဘူးနှင့် မိုးသီးနို့ဆီဘူး ၁၁ ဘူးထွက်ရှိသဖြင့် တစ်ဧကလျှင် အစေ့နှစ်တန်ထွက်ရှိနိုင်ပါသည်။

ကြက်ဆူစေ့တွင် ဆီပါဝင်မှု ၃၈ ရာခိုင်နှုန်းဖြစ်ပါသည်။ အစေ့တစ်တင်းကို ဆီကြိတ်ပါက နွေသီးမှာ ၁ ဒသမ ၅ ပိဿာနှင့် မိုးသီးမှာ နှစ်ပိဿာထွက်ပါသည်။ အပင်ငယ်စဉ်တွင် နှစ်နှစ်သားမှ ငါးနှစ်သားအထိ တစ်ဧကလျှင် ဆီ ၁၇၈ပိဿာ ၇၄ဂါလန်နှင့် ကြိတ်ဖတ် ၄၆၅ ပိဿာ ထွက်ရှိပြီး ခြောက်နှစ်သားမှစတင်၍ တစ်ဧကလျှင် ဆီ ၂၄၈ ပိဿာ ဂါလန် ၁၀၀ နှင့် ကြိတ်ဖတ် ၆၅၅ ပိဿာ ထွက်ရှိပါသည်။

ကြက်ဆူစေ့တစ်တင်းကြိတ်ပါက ကြိတ်ဖတ်ငါးပိဿာ ထွက်ရှိသဖြင့် တစ်ဧကအထွက် ၁၃၁ တင်းမှာ ကြိတ်ဖတ် ၆၅၅ ပိဿာထွက်ရှိပါသည်။ ကြိတ်ဖတ်တွင် အပင်လိုအပ်သော အာဟာရဓာတ်များဖြစ်သည့် နိုက်ထရိုဂျင်ဓာတ် ၄ဒသမ ၄ရာခိုင်နှုန်း၊ ဖော့စဖရပ်ဓာတ် ၂ဒသမ ၁ရာခိုင်နှုန်းနှင့် ပိုတက် ၁ဒသမ၇ရာခိုင်နှုန်းပါဝင်သဖြင့် အခြား သဘာဝမြေသြဇာများဖြစ်သော နွားချေး၊ ကြက်ချေး၊ သစ်ဆွေးမြေသြဇာများကဲ့သို့ သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်ပါသည်။

အဓိကလိုအပ်ချက်ဖြစ်သည့် စက်သုံးဆီ (Bio Diesel) ထုတ်ယူရာတွင် ကျေးရွာများတွင်ရှိသော လက်လှည့်ဖိစက်၊ ဟိုက်ဒရောလစ်ဖိစက်နှင့် လွန်သွားဖြင့်ကြိတ်၍ ထုတ်ယူသည့်နည်းများဖြင့် ထုတ်ယူနိုင်ပါသည်။ ကြက်ဆူဆီကို အနယ်အနှစ်များ ပြောင်စင်အောင် အဝတ်ပိတ်စဖြင့် စစ်ပြီးလျှင် ပစ်စတင်တစ်လုံးထိုးအင်ဂျင်များတွင် လောင်စာဆီအဖြစ် မပြုပြင်ဘဲတိုက်ရိုက်အသုံးပြုနိုင်ပါသည်။ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ခြံစည်းရိုး ကြက်ဆူဆီဖြင့် လယ်ယာ ၁၆ လက်တွန်းထွန်စက်မှ ထွန်စက်ကြီးများအထိ စမ်းသပ်သုံးစွဲမောင်းနှင်ရာ အောင် မြင်မှုရှိနေပြီဖြစ်ပါသည်။

ခြံစည်းရိုးကြက်ဆူဆီများကို လက်တွန်းထွန်စက်၊ ထွန်စက်ကြီးများတွင် မောင်းနှင်နိုင်ရုံသာမကဘဲ ကျေးရွာများတွင် မီးလင်းရေးအတွက် အသုံးပြုသည့်ဒီဇယ်အင်ဂျင်များတွင် ထည့်သွင်းမောင်းနှင်ခြင်းဖြင့် ကျေးရွာများတွင် မိမိဒေသမှ ထွက်ရှိသော လောင်စာဆီများဖြင့် ကျေးရွာများ မီးလင်းနိုင်တော့မည်ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ညောင်ဦးသို့လာရောက်စဉ်က လက်တွန်းထွန်စက်များ၌ ခြံစည်းရိုးကြက်ဆူဆီထည့်၍ မောင်းနှင်စမ်းသပ်ပြရာ ခြံစည်းရိုးကြက်ဆူဆီသည် အခြားရေနံထွက်ပစ္စည်းမှ ဒီဇယ်ဆီကဲ့သို့ ပြုပြင်စရာမလိုဘဲ တိုက်ရိုက်ထည့်သွင်းသုံးစွဲနိုင်သဖြင့် ခြံစည်းရိုးကြက်ဆူများ တိုးချဲ့စိုက်ပျိုးပြီး ကျေးရွာများရှိ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ၌ တွင်ကျယ်စွာ အသုံးပြုရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ခြံစည်းရိုးကြက်ဆူပင်များကို တောင်သူလယ်သမားများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာတွင် အပင် ၅၀စိုက်ပျိုးပါက တစ်နှစ်လျှင် ဘိုင်အိုဒီဇယ် လေးဂါလန်ရရှိမည်ဖြစ်သဖြင့် စိုက်ပျိုးထုတ်လုပ်မှုအတွက် ကုန်ကျရမည့် ဒီဇယ်ဆီကို ကျပ် ၈၀၀၀ ခန့် သက်သာမည်ဖြစ်ပါသည်။

စိုက်ပျိုးသူများအနေဖြင့် တစ်ဧက စိုက်ပျိုးကုန်ကျစရိတ်မှာ ကျပ် ၄၀၀၀၀ ခန့် ကုန်ကျနိုင်မည် ဖြစ်သော်လည်း မိသားစုလုပ်အားဖြင့် ထည့်သွင်းဆောင်ရွက်မည်ဆိုပါက ယင်းကုန်ကျစရိတ်သက်သာနိုင်မည်ဖြစ်ပါသည်။ စိုက်ခင်းများမှ ဘိုင်အိုဒီဇယ်များ တတိယနှစ်တွင် ဂါလန် ၇၀ထွက်ရှိပြီး ဝင်ငွေ ကျပ် ၁၄၀၀၀၀ ရရှိမည်ဖြစ်သည့်အတွက် တောင်သူများအကျိုးရှိမည့် သီးနှံတစ်ခု ဖြစ်ပါသည်။

ခြံစည်းရိုးကြက်ဆူစိုက်ပျိုးခြင်းဖြင့် ဇီဝလောင်စာဆီရရှိခြင်း၊ စိုက်ပျိုးခင်းများအတွက် အရွက်နှင့် ကြိတ်ဖတ်များမှ သဘာဝမြေသြဇာရရှိခြင်း၊ ခြံစည်းရိုးအဖြစ် အကာအရံများဖြစ်ခြင်းတို့အပြင် နွေရာသီတွင် မလိုအပ်သည့်အကိုင်းများဖြတ်ပြီး ခြောက်သွေ့အောင်ထား၍ ထင်းအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

ထို့အပြင် ဆေးဖက်ဝင်အပင်အဖြစ်လည်း အသုံးပြုနိုင်ပါသည်။ အဆီကိုဝမ်းနုတ်ဆေးအဖြစ်လည်းကောင်း၊ ကိုယ်အရေပြား၌လိမ်းပေးလျှင် အရေပြားရောဂါများနှင့် ကြွက်သားနာကျင်ကိုက်ခဲမှုများကို ကုသနိုင်ပါသည်။ အပင်မှ ရိုးတံအနုများကို သွားတိုက်တံအဖြစ်အသုံးပြုပါက သွားဖုံးများခိုင်မာစေပြီး သွားနာသွားကိုက်ရောဂါများ ပျောက်ကင်းစေပါသည်။ အရွက်ကိုညှစ်၍ ရသော အရည်ကို လိပ်ခေါင်းရောဂါ လိမ်းဆေးအဖြစ်လည်းကောင်း၊ မှက်ခရုနာလိမ်းဆေးအဖြစ် လည်းကောင်း၊ ဝဲနာယားနာများကိုလည်းကောင်း လိမ်းပေးနိုင်ပါသည်။ အရွက်နှင့် အမြစ်တို့မှ ထုတ်ယူသောအရည်ဖြင့် ဝမ်းလျှောရောဂါကုသနိုင်ပါသည်။

အမြစ်မှ ထုတ်ယူသောအရည်မှာ မြွေဆိပ်ဖြေဆေးအဖြစ် သုံးစွဲနိုင်ပါသည်။ သီးနှံပိုးမွှားကာကွယ်ဆေးအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

ခြံစည်းရိုးကြက်ဆူသည် လူတို့တွင် အဓိကလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေးတို့အတွက် တိုက်ရိုက်မဟုတ်သော်လည်း သွယ်ဝိုက်သော နည်းလမ်းဖြင့် အကျိုးကျေးဇူးများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် အကျိုးများ အောင်ဆက်လက်၍ အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးကြပါစို့ဟု အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသတည်း။ ။

ဆုချီးမြှင့်

ဇန်နဝါရီ ၃ရက်က ဗိုလ်တထောင်မြို့နယ် အထက(၄)၏ ၂၀၀၅–၂၀၀၆ ခုနှစ် ပညာရေး စုံညီပွဲတော် ဘက်စုံဘာသာရပ်၊ ဖွံ့ဖြိုးရေးဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းက ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(ပညာရေး)

ဇီဝကြက်ဆူဆီထုတ်လုပ်ပုံ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ ကြက်ဆူပင်ကေငါးသိန်း စိုက်ပျိုးရေး တာဝန်ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) တတိယအကြိမ် ဇီဝကြက်ဆူဆီထုတ်လုပ်ပုံအဆင့်ဆင့် ပညာပေးအလုပ်ရုံဆွေးနွေးပွဲနှင့် ကြက်ဆူပင်ဧကငါးသိန်း၊ (၃)နှစ်စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားပြီး ပြည်နယ် အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ဇီဝကြက်ဆူ စိုက်ပျိုးပြီးစီးမှုနှင့် ပညာပေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးက စိုက်နည်းစနစ်၊ အသုံးဝင်ပုံနှင့် အကျိုးအမြတ်ရရှိမှု အခြေအနေများ ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ခရိုင်ငါးခရိုင်မှ ခရိုင်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားမှု အစီအမံများ တင်ပြသည်။

ဆက်လက်၍ တိုင်းမှူးက ခရိုင်ဥက္ကဋ္ဌများသို့ စီမံချက်အလိုက် တာဝန်ပေးအပ်လွှာများ ပေးအပ်ခြင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ကြက်ဆူကြိတ်ခွဲကိရိယာများ ပေးအပ်ခြင်းများ ဆောင်ရွက်ပြီး ကြိတ်ခွဲကိရိယာများဖြင့် ကြိတ်ခွဲနေမှုနှင့် တိုင်းစစ်ဌာနချုပ်ရှိ စိုက်ခင်းများတွင်ပျိုးထောင်မှု၊စိုက်ပျိုးမှု၊ ဇီဝကြက်ဆူဆီဖြင့် လယ်ယာ(၁၆) လက်တွန်းထွန်စက်မောင်းနှင်ပြသမှုများကို လက်တွေ့ ကွင်းဆင်း လေ့လာကြည့်ရှုကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ပေါက်စေတီကျောင်းတိုက် ဓမ္မဒူတတရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရှစ်မိုင် ပေါက်စေတီကျောင်းတိုက်၌ ပေါက်စေတီဆရာတော်ကြီး၏ ဩဝါဒကိုခံယူလျက် တောင်စွန်းဓမ္မဒူတဆရာတော်ကြီးအား ရည်မှန်း ပူဇော်ကာ ဓမ္မဒူတတရားပွဲများကိုဇန်နဝါရီ ၁၄ရက်မှ ၂၈ရက်အထိ ကျင်းပမည်ဖြစ်ရာ ဓမ္မဒူတဆရာတော်ကြီး၏တပည့်များက ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ခြံစည်းရိုးကြက်ဆူအောင်မြင်ဖြစ်ထွန်းစေရန်အတွက် သတိပြုရန်အချက်များ အကြံပြုနှိုးဆော်ချက်

မြန်မာနိုင်ငံအနှံ့အပြားတွင် စက်သုံးဆီဖူလုံရေးအတွက် ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန် ခြံစည်းရိုးကြက်ဆူပင်များအား အစေ့မှသော်လည်းကောင်း၊ အကိုင်းမှသော်လည်းကောင်း စိုက်ပျိုးလျက်ရှိကြပါသည်။ စိုက်ပျိုးလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းရန် လိုအပ်ပါသည်။

၁။ ခြံစည်းရိုးကြက်ဆူပင်၏ ပင်စည်နှင့် အကိုင်းများသည် အခေါင်းရှိသဖြင့် မိုးကာလတွင် ကိုင်းဖြတ်ခေါင်နှိမ်မှုပြုပါက အပင်၏ ရှင်သန်မှုကို ထိခိုက်နိုင်ပါသည်။ မိုးရွာသွန်းမှု မရှိတော့သည့် မိုးနှောင်းကာလတွင်သာ ကိုင်းဖြတ်ခေါင်နှိမ်မှု ပြုသင့်ပါသည်။

၂။ ခြံစည်းရိုးအဖြစ်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များအား မိုးနှောင်းကာလတွင် ကိုင်းဖြတ်လေ့ရှိကြပါသည်။ ကိုင်းဖြတ်တောက်ရာတွင် အပွင့်အသီးများရှိနေသော ကိုင်းဖြတ်ခြင်းအား ရှောင်ကြဉ်သင့်ပါသည်။

၃။ ဖြတ်တောက်ရရှိသော အကိုင်းများအား မြေတွင်တိုက်ရိုက်ချ၍ စိုက်ခြင်း၊ ပျိုးပေါင်၊ ပျိုးထုပ်များနှင့် စိုက်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

၄။ မြေတွင်တိုက်ရိုက်ချ၍ စိုက်ပျိုးပါက အပင်ရှင်သန်ရန် သင့်တော်သော အစိုဓာတ်ရှိရန်လိုပါသည်။ ပျိုးပေါင်၊ ပျိုးထုပ်များတွင် စိုက်ပျိုးပါကလည်း သင့်တော်သော အစိုဓာတ်ရှိရန် လိုပါသည်။

၅။ မိုးနှောင်းကာလတွင် စိုက်ပျိုးမြေများတွင် အစိုဓာတ် ဆုတ်ယုတ်မှုရှိသည့်အတွက် လုံလောက်သော အစိုဓာတ်မရှိပါက ရေလောင်းရန် လိုအပ်ပါသည်။

၆။ ပျိုးပေါင်၊ ပျိုးအိတ်များတွင် ထည့်သွင်းစိုက်ပျိုးပါကလည်း သင့်တော်သည့် အစိုဓာတ်ရှိရန် ရေလောင်းသင့်ပါသည်။

၇။ စိုက်ပျိုးမြေများတွင် ရေစိမ့်အားမကောင်းပါက ရေဝပ်၍ အပင်များပျက်စီးနိုင်မှုကိုလည်း သတိပြုရန် လိုအပ်ပါသည်။

၈။ ခြံစည်းရိုးကြက်ဆူများအား မိုးဦးကျကာလတွင် စိုက်ပျိုးပါက အသင့်တော်ဆုံးဖြစ်ပါသည်။

၉။ မိုးနှောင်းကာလတွင် စိုက်ပျိုးပါက မြေတွင်း အစိုဓာတ်မဆုတ်မီစိုက်ပျိုးခြင်း၊ အလွယ်တကူရေလောင်းနိုင်သည့် စိုက်ပေါင်၊ ပျိုးအိတ်များနှင့် ပျိုးထောင်စိုက်ပျိုး၍ မိုးဦးကျကာလတွင် ရွှေ့ပြောင်းစိုက်ပျိုးခြင်းတို့ ဆောင်ရွက်သင့်ပါသည်။

၁၀။ စိုက်ပျိုးမှုစနစ်များနှင့်ပတ်သက်၍ အကူအညီရလိုပါက နီးစပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ရုံး၊ ဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

နိုင်ငံတော်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က
အနာဂတ်နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်းကို မည်သူ၏အ

❒ ရှေ့ဖုံးမှ

ရေယာဉ်အသင်းဝင်များ၊ ယွန်းပညာရှင်ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြုဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ စက်ရုံဝန်ထမ်းများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များ၊ မုံရွာမြို့ပေါ်ရှိ ရပ်ကွက် ၂၄ရပ်ကွက်တို့မှ ပြည်သူများ၊ ဈေးများမှ ဈေးမိဈေးဖများနှင့် ဈေးသူဈေးသားများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ စုစုပေါင်း အင်အား ၂၅၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများသည် အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ အလောင်းဘုရားစစ်ကြောင်း စစ်ကြောင်းလေးကြောင်းဖြင့် စုရပ်အသီးသီးမှ လူထုအစည်းအဝေးကျင်းပသည့် မုံရွာမြို့ တိုင်းအားကစားကွင်းသို့ ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ ချီတက်ကြပြီး သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မုံရွာမြို့နယ်မှ မြို့မိမြို့ဖ ဦးဝင်းမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အသိပညာရှင်၊ အတတ်ပညာရှင် ဒေါက်တာကျော်ဝင်းနောင်၊ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးမျိုးချစ်(အငြိမ်းစား)၊ စက်မှုလုပ်ငန်းရှင် ဦးငြိမ်းအောင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ဦးတင်ဝင်း၊ မုံရွာမြို့နယ်မှ မြို့မိမြို့ဖ ဦးရွှေဝင်းနှင့် မုံရွာမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင် ဦးတင်အောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဒေါ်မေသူဟိန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကြူမိုးသန့်တို့က ဆောင်ရွက်ကြသည်။

စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသား ညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အခမ်းအနားမှူးက လူထုအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက နိုင်ငံတော်အလံအား အလေးပြုကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ မုံရွာမြို့နယ်မှ မြို့မိမြို့ဖ ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် လူထုအစည်းအဝေးကြီးမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပွဲကြီး ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ရာတွင် မရှိမဖြစ်လိုအပ်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမျိုးသားညီလာခံကျင်းပရေးအတွက် ၁၉၉၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသားညီလာခံ ကျင်းပနိုင်ရန်အတွက် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ရာတွင် နိုင်ငံရေးပါတီများမှ အရွေးချယ်ခံ ခေါင်းဆောင်များ၊ တစ်သီးပုဂ္ဂလ အရွေးချယ်ခံ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း။

၁၉၉၂ ခုနှစ် ဇွန် ၃၀ ရက်တွင် တစ်ကြိမ်၊ ဇူလိုင် ၁၀ ရက်တွင် တစ်ကြိမ် ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး အမျိုးသားညီလာခံမှာ ဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်အမျိုးအစားနှင့် ဦးရေကို သတ်မှတ်ပေးခဲ့ပါကြောင်း၊ ၁၉၉၂ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

ယင်းနောက် အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်း အစည်းအဝေးခန်းမ၌စတင်ကျင်းပခဲ့ကြောင်း။

အများသဘောတူညီ

နိုင်ငံတော်အခြေခံမူများကို ၁၉၉၃ခုနှစ် ဇွန် ၇ရက်မှ စက်တင်ဘာ ၁၆ရက်အတွင်း ဆွေးနွေးညှိနှိုင်းခဲ့ပြီး

စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသား ညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး တွင် သဘာပတိ မုံရွာမြို့နယ်မှ မြို့မိမြို့ဖ ဦးဝင်းမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အများသဘောတူညီမှုဖြင့် အခန်းလိုက်ခေါင်းစဉ် ၁၅ရပ်နှင့် အခြေခံမူ ၁၀၄ရပ်ကို ချမှတ်နိုင်ခဲ့ပါကြောင်း။

၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကြေညာခဲ့သည့်အတိုင်း ပထမလမ်းစဉ်ဖြစ်သော ယာယီရပ်ဆိုင်းခဲ့သည့် အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေ ၁၇ ရက်တွင် ပြန်လည်ကျင်းပခဲ့ကြောင်း။

တိုင်းပြည်တစ်ပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းရေးသည် ယင်းတိုင်းပြည်၌ ခေတ်သစ်စနစ်သစ်ပြောင်းသည့် အခြေအနေမျိုး (သို့မဟုတ်) လွတ်လပ်ရေးရရှိသည့် အခြေအနေမျိုးတွင် နိုင်ငံတော်သစ်ကို ပုံဖော်နိုင်ရေးအတွက် ရေးဆွဲပြဋ္ဌာန်းကြရစမြဲဖြစ်ကြောင်း။

အတိတ်ကာလက ရေးဆွဲခဲ့သည့် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် အလျင်စလို ရေးဆွဲခဲ့သည့်အတွက် အားနည်းချက်များ ပါရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ ယင်းအားနည်းချက်ကြောင့် ပြည်ထောင်စုကြီး ပြိုကွဲမည့် အန္တရာယ်အထိ ဆိုက်ရောက်ခဲ့ရပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ကို အခြေခံခိုင်မာပြီး အရှည်တည်တံ့နေအောင် ဘက်ပေါင်းစုံက ရှုမြင်သုံးသပ် တိုင်ပင်ညှိနှိုင်း ရေးဆွဲကြရန် လိုအပ်ပါကြောင်း။

လမ်းညွှန်မိန့်ကြားခဲ့

နိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အတားအဆီး အခက်အခဲများ မည်မျှပင်ရှိစေကာမူ အမျိုးသားညီလာခံကြီးကို ၅-၁၂-၂၀၀၅ရက်တွင် ပြန်လည်ကျင်းပခဲ့ရာ၌ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၁၀၈၈ဦး တက်ရောက်ညှိနှိုင်း ဆွေးနွေးအကြံပြု ရေးဆွဲနေကြသည်ကို နေ့စဉ် သတင်းစာ၊ တီဗွီ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့က ကြားနေမြင်နေရပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပတ်သက်၍လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက "နိုင်ငံတော်၌ မည်သည့်စနစ်ကို ကျင့်သုံးသည်ပင်ဖြစ်စေ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် လိုအပ်သည်သာမက ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို အစဉ်တစိုက် ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေရှိရမည်"ဟု လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

ထို့ကြောင့် အနာဂတ်ရေးအတွက် အသက်တမျှ အရေးကြီးသည့် အခြေခံဥပဒေကို တိုင်းရင်းသားပြည်သူများ၏ ဘဝဆန္ဒနှင့်အညီ ရေးဆွဲနိုင်ရန် လိုအပ်ကြောင်း၊ ဤသို့ ရေးဆွဲကြမည့်ကိုယ်စားလှယ်များ၏ တိုင်းချစ်၊ ပြည်ချစ်စိတ်ကို အခြေခံပြီး နိုင်ငံတော်အတွက် အရှည်မြော်မြင်မှု၊ စိတ်ရှည်သည်းခံမှု၊ စည်းလုံးညီညွတ်မှုတို့ရှိမှသာ အမျိုးသားညီလာခံကြီး အောင်မြင်ပြီး ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် ယနေ့နိုင်ငံတော်၏ အရေးအကြီးဆုံး လုပ်ငန်းစဉ်ကြီးဖြစ်သည့်အတွက် မိမိတို့ တိုင်းရင်းသား ပြည်သူအားလုံး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

တိုက်တွန်းနှိုးဆော်လို

နိဂုံးချုပ်အနေဖြင့် ယနေ့လူထုအစည်းအဝေးကြီးကို တက်ရောက်လာကြသည့် ပြည်သူလူထု ကြီးက တစ်ဆင့် တိုင်းရင်းသားပြည်သူအားလုံးကို တိုက်တွန်းနှိုးဆော်လိုသည်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသည့် အမျိုးသားညီလာခံကြီး အောင်မြင်စေရေးအတွက် ပြည်သူအားလုံး ကျရာအခန်းကဏ္ဍမှ ကူညီဆောင်ရွက်သွားကြပါစို့၊ တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ကို အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပြောကြားသွားသည်။

အဆိုတင်သွင်း

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇော်ဦးက တင်သွင်းရာတွင် ယနေ့နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း အမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည့်အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများသည်လည်း ခိုင်ခိုင်မာမာ ပေါ်ထွန်းနေပြီဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းခြင်းနှင့် အခြေခံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်း အခြေခံကောင်းများကို ရရှိလာသည်နှင့်အမျှ ပြည်သူလူထုလိုလားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေလျက်ရှိသည်ကိုလည်း ပြည်သူလူထုကြီး မျက်မြင်ပင်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော် ချောက်ထဲမကျအောင် ကမ္ဘာ့ဖြစ်ပေါ်တိုးတက်မှုများကို အမီလိုက်နိုင်အောင်နှင့် နိုင်ငံအနှံ့ဘက်စုံတိုးတက်အောင် ပြည်သူ၊အစိုးရနှင့် တပ်မတော်တို့ ပူးပေါင်းပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သည့်

အတွက် အောင်မြင်တိုးတက်နေသည်ကို မည်
နိုင်ကြောင်း၊ နိုင်ငံတော်၌ နိုင်ငံရေး၊ စီးပွားရေ
အဘက်ဘက်က တိုးတက်အောင် ဦးတည်ချ
ချမှတ် အကောင်အထည်ဖော်နေသကဲ့သို့ အန
တော်၏ ဒီမိုကရေစီလမ်းကြောင်းကို မည
တစ်ယောက်၏ အကူအညီကိုမှမယူဘဲ နိုင်ငံတေ
သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ
အထည်ဖော်နေသည်ကိုလည်း ပြည်သူလူထု
အမြင်ပင်ဖြစ်ကြောင်း။

ယခု ကျင်းပနေသည့် အမျိုးသားညီလာ
ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက်
ရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမ
ဒို့တာဝန်အရေး(၃)ပါးကို အာမခံနိုင်ရေး၊ နိုင
အတိတ်သမိုင်းမှ ခါးသီးသော အတွေ့အ
ရှောင်ရှားနိုင်ရေး၊ နိုင်ငံတော်၏ ပကတိအရှိတ
မျက်ကွယ်မပြုဘဲ အခြေခံရေးဆိုသည့် အချက်
အဓိကထားသည်ကို တွေ့ရကြောင်း၊ ၎င်းသည်
သစ်ပုံဖော်ရာတွင် အလွန်အရေးကြီးပြီး အလွန်သ
အချက်များဖြစ်ကြောင်း။

ဒို့တာဝန်အရေး(၃)ပါးကို အာမခံနိုင်မှ
အစဉ်တည်တံ့နေအောင် စိတ်ချရမည်ဖြစ်ကြေ
အပြင် အတိတ်သမိုင်းက ခါးသီးသည့်အတွေ့အ
သင်ခန်းစာယူပြီး ရှောင်ရှားသွားရန် လိုကြောင်
နိုင်ငံတော်တွင် တိုင်းရင်းသားပေါင်းစုံပါဝင်ေ
ပကတိအရှိတရားများကိုလည်း မျက်ခြည်မပြ
သွားရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ဤအချ
အလေးထား ထည့်သွင်းအခြေခံထားသည့် ပ
နေသည့် အမျိုးသားညီလာခံကြီး၏ မှန်က
ကြောင်းကျိုးဆီလျော်မှု၊ တည်ကြည်ခိုင်မာမှုမျာ
အရှား တွေ့ကြရမည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အတွက် ပကတိလိုအပ
အမျိုးသားညီလာခံတွင် စိတ်ရှည်လက်ရှည် အ
အပြန်အလှန် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ခိုင်မာသ
ကောင်းများ တည်ဆောက်ခြင်းပင် ဖြစ်ပ

ပြည်ပအားကိုး ပြည်တွင်း ပုဆိန်ရိုးများက မည်မျှပင် လိမ်လည်လှည့်ဖြား စွပ်စွဲပုတ်ခတ်ပါစေ၊ ပြည်ပနိုင်ငံများကလည်း မဟုတ်မမှန် သတင်းပေး ချက်များအပေါ်တွင် မည်မျှပင် နားယောင်ပြီး ပိတ်ဆို့နေပါစေ မိမိတို့ ဦးတည်ရမည်မှာ မိမိ တို့ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးပင်ဖြစ်၏။

စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်မေသူဟိန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မုံရွာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကြူမိုးသန့်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇော်ဦး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ... ဝင်း အမျိုးသားညီလာခံအား ကြိုဆို... ခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံ... တင်ပြစဉ်။ (သတ...

...လူမှုရေး အဘက်ဘက်က တိုးတက်အောင် ဦးတည်ချက်(၁၂)ရပ် ချမှတ်အကောင်အထည်ဖော်နေသကဲ့သို့ ...ကြောင်းကို မည်သူ၏အကူအညီမှမယူဘဲ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်နေ

အတွက် အောင်မြင်တိုးတက်နေသည်ကို မည်သူမှ မငြင်းနိုင်ကြောင်း၊ နိုင်ငံတော်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က တိုးတက်အောင် ဦးတည်ချက်(၁၂)ရပ် ချမှတ် အကောင်အထည်ဖော်နေသကဲ့သို့ အနာဂတ်နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်းကို မည်သူတစ်ဦးတစ်ယောက်၏ အကူအညီကိုမှမယူဘဲ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်နေသည်ကိုလည်း ပြည်သူလူထုကြီး အသိအမြင်ပင်ဖြစ်ကြောင်း။

ယခု ကျင်းပနေသည့် အမျိုးသားညီလာခံကြီးတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို အာမခံနိုင်ရေး၊ နိုင်ငံတော်၏ အတိတ်သမိုင်းမှ ခါးသီးသော အတွေ့အကြုံများကို ရှောင်ရှားနိုင်ရေး၊ နိုင်ငံတော်၏ ပကတိအရှိတရားများကို မျက်ကွယ်မပြုဘဲ အခြေခံရေးဆိုသည့် အချက်(၃)ချက်ကို အဓိကထားသည်ကို တွေ့ရကြောင်း၊ ၎င်းသည် နိုင်ငံတော် သစ်ပုံဖော်ရာတွင် အလွန်အရေးကြီးပြီး အလွန်သတိမူရမည့် အချက်များဖြစ်ကြောင်း။

ဒို့တာဝန်အရေး(၃)ပါးကို အာမခံနိုင်မှ နိုင်ငံတော် အစဉ်တည်တံ့နေအောင် စိတ်ချရမည်ဖြစ်ကြောင်း၊ ထို့အပြင် အတိတ်သမိုင်းက ခါးသီးသည့်အတွေ့အကြုံများကို သင်ခန်းစာယူပြီး ရှောင်ရှားသွားရန် လိုကြောင်း၊ ထို့အတူ နိုင်ငံတော်တွင် တိုင်းရင်းသားပေါင်းစုံပါဝင်နေမှု စသည့် ပကတိအရှိတရားများကိုလည်း မျက်ခြည်မပြတ် အခြေခံသွားရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ဤအချက်များကို အလေးထား ထည့်သွင်းအခြေခံထားသည့် ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီး၏ မှန်ကန်မျှတမှု၊ ကြောင်းကျိုးဆီလျော်မှု၊ တည်ကြည်ခိုင်မာမှုများကို အထင်အရှား တွေ့ကြရမည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အတွက် ပကတိလိုအပ်ချက်သည် အမျိုးသားညီလာခံတွင် စိတ်ရှည်လက်ရှည် အချိန်ယူပြီး အပြန်အလှန် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ခိုင်မာသည့် အခြေခံကောင်းများ တည်ဆောက်ခြင်းပင် ဖြစ်ပါကြောင်း၊

စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။
(သတင်းစဉ်)

ပြည်တွင်းပြည်ပ အဖျက်သမားများက မည်မျှပင် ပုတ်ခတ်စွပ်စွဲ ထိုးနှက်တိုက်ခိုက်ပါစေ မိမိတို့ ပြည်သူများအနေနှင့် မိမိတိုင်းပြည်၏ နောင်ရေးကို မိမိတို့အချင်းချင်းပင် တိုင်ပင်ဆုံးဖြတ်ကြရမည်ဖြစ်သကဲ့သို့ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် စကားအတိုင်း ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါကြောင်း။

ခိုင်မာသည့် အခြေခံဥပဒေသစ်တစ်ရပ် အနှစ်သာရရှိရှိ ထွက်ပေါ်လာရေးအတွက် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်ကစပြီး အမျိုးသားညီလာခံကြီးကို ကိုယ်စားလှယ်များ စုံညီစွာဖြင့် တတိယအကြိမ် ပြန်လည်ကျင်းပနေပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ တစ်မျိုးသားလုံး၏ အသက်သွေးကြောဖြစ်သည့် အခြေခံဥပဒေကို ရေးဆွဲပုံဖော်နိုင်ခြင်းသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်အကျုံးဝင်နေသည့် အမျိုးသားရေးလုပ်ငန်းကြီးဖြစ်သည့် အတွက် အမျိုးသားအင်အားစုကြီးများ ပါဝင်နေသည့် အမျိုးသားညီလာခံကြီးကို မိမိတို့ ပြည်သူလူထုတစ်ရပ်လုံးက ထောက်ခံကြိုဆိုသွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒကြီးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးနှင့်အညီ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရန် အတွက် မိမိတို့ ပြည်သူအပေါင်းက ကျရာအခန်းကဏ္ဍက နေပြီး ဝိုင်းဝန်းကြိုးပမ်း ကူညီဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးကသာ အနာဂတ်နိုင်ငံတော်၏ အသက်သွေးကြောဖြစ်သည့် ဖွဲ့စည်းပုံအခြေခံမူများကို ချမှတ်နိုင်မည်ဖြစ်သည့်အတွက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို တင်သွင်းသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်နုနုဝင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် ယခုအချိန်သည် မိမိတို့နိုင်ငံကို အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ် ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် ယခုဆိုလျှင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများ၊ ဩဇာခံများအနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူပေးရန်အထိ နည်းမျိုးစုံဖြင့် ထိုးနှက်တိုက်ခိုက်နေသည်ကို တွေ့နေရကြောင်း၊ အကယ်၍ မိမိတို့ကသာ အနောက်ဒီမိုကရေစီကို ချက်ချင်း ပုံတူကူးပါမည်၊ အနောက်နိုင်ငံကြီးများ၏ ဩဇာခံလုပ်ပါမည်ဟု ခေါင်းညိတ်လိုက်လျှင် ဤထိုးနှက်မှုများ၊ လုပ်ကြံဖန်တီး တိုက်ခိုက်မှုများ လုံးဝပျောက်ပြီး အထောက်အပံ့အချို့တောင် ရလာနိုင်စရာရှိကြောင်း၊ သို့သော်လည်း မိမိတို့ မြန်မာအစိုးရနှင့် မြန်မာပြည်သူများသည် မိမိတို့ လူမှုဘဝနှင့် ကိုက်ညီမှုမရှိသည့် အနောက်ဒီမိုကရေစီကို ပုံတူမကူးသည့်အပြင် အနောက်ဩဇာခံလည်း မလုပ်ကြောင်း၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုး၊ စံများကို လုံးဝအထိမခံကြောင်း။

ပြည်ပအားကိုး ပြည်တွင်းပုဆိန်ရိုးများက မည်မျှပင် လိမ်လည်လှည့်ဖြား စွပ်စွဲပုတ်ခတ်ပါစေ၊ ပြည်ပနိုင်ငံများကလည်း မဟုတ်မမှန် သတင်းပေးချက်များအပေါ်တွင် မည်မျှပင်နားယောင်ပြီး ပိတ်ဆို့နေပါစေ မိမိတို့ ဦးတည်ရမည်မှာ မိမိတို့နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးပင် ဖြစ်ကြောင်း၊ ရွှေဟင်္သာဆရာတော်ကြီး၏ ဩဝါဒဖြစ်သည့် "အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့"ဆိုသော စကားအတိုင်း ပြည်တွင်းပြည်ပ အဖျက်သမားများက မည်သို့ပင် ဖျက်ဖျက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဦးအောင်ဇော်ဦး တင်သွင်းသွားသည့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူးသောင်းအေး(အငြိမ်းစား)က ထောက်ခံဆွေးနွေး တင်ပြရာတွင် တပ်မတော်သည် နိုင်ငံတော်အတွင်း အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့လေတိုင်း နိုင်ငံတော်ကို ဝင်ရောက်ထိန်းသိမ်းခဲ့ရသည့် အစဉ်အလာများ ရှိခဲ့ပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် လွတ်လပ်ရေးရအောင် နယ်ချဲ့တို့ကိုတွန်းလှန်တိုက်ခိုက်ခဲ့ရာတွင်လည်း တပ်မတော်သည် ပြည်သူများနှင့်အတူ တိုက်ပွဲဝင်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်ပါကြောင်း။

လွတ်လပ်ရေးရပြီး တစ်ဆက်တည်း ပေါ်ပေါက်လာသည့် ပြည်တွင်းဆူပူမှု၊ ၁၉၅၈ခုနှစ် ပြည်ပအန္တရာယ်များပေါ်ပေါက်လာမှု၊ ၁၉၆၂ ခုနှစ် နိုင်ငံတော်ပြိုကွဲမည့် အန္တရာယ်ပေါ်ပေါက်လာမှုတို့တွင် တပ်မတော်က ဝင်ရောက် ထိန်းသိမ်းကာကွယ်လိုက်ရသည်ကို မိမိတို့ ပြည်သူများ အမှတ်ရနေကြပါကြောင်း၊ အလားတူ၁၉၈၈ ခုနှစ်တွင် တရားဥပဒေစိုးမိုးမှုကင်းမဲ့ပြီး မင်းမဲ့စရိုက်ဆန်ဆန် မည်သူမျှ ထိန်းသိမ်းနိုင်စွမ်းမရှိတော့ဘဲ မီးဟုန်းဟုန်းတောက်ပြီး နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးရတော့မည့် အန္တရာယ်ကနေ အမျိုးသားရေးကို အစဉ်သစ္စာစောင့်သိသော တပ်မတော်ကပင် ဝင်ရောက်ကာကွယ် ထိန်းသိမ်းခဲ့ရပြန်ပါကြောင်း၊ နိုင်ငံတော်၏ သမိုင်းတစ်လျှောက် တပ်မတော်သည် ပြည်သူနှင့်လက်တွဲပြီး နိုင်ငံတော်ကို အဘက်ဘက်က ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခဲ့သည့် အစဉ်အလာကို မိမိတို့အားလုံး ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော်ဖြင့် နှစ်ပရိစ္ဆေဒများစွာကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက် နေထိုင်ခဲ့ကြပြီး ဥမကွဲ သိုက်မပျက် အေးအတူပူအမျှ လက်တွဲခဲ့ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်သည်နှင့်အညီ ပြည်ထောင်စုပြိုကွဲမည့် အကြောင်းအချက်တစုံတရာကိုမှ လက်မခံနိုင်သကဲ့သို့ ပြည်ထောင်စုမှ ခွဲထွက်ရေးကိုလည်း မည်သည့် အကြောင်းနှင့်မျှ လက်မခံနိုင်ပါကြောင်း။

ထို့ကြောင့် ယနေ့နိုင်ငံတော်အစိုးရသည် အမျိုးသားရေးဦးတည်ချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရေးရှုချီတက်နေခြင်း ဖြစ်ပါကြောင်း၊ ဤသို့ ချီတက်ရာတွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အတိအကျချမှတ် ဆောင်ရွက်နေသည့်အပြင် ပထမဆုံးလမ်းစဉ်ဖြစ်သည့် အမျိုးသား ညီလာခံကြီးကိုလည်း ကျင်းပနေပြီဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာကြီးမှာ တပ်မတော်နှင့် ကင်းကွာသည့် နိုင်ငံတစ်နိုင်ငံမှ မရှိပါကြောင်း၊ မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ယင်းစနစ် နိုင်ငံတော်အတွင်း တည်မြဲစွာ ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်၊ ပြည်တွင်းပြည်ပအဖျက်ရန် ကာကွယ်ရန်အတွက် တပ်မတော်တစ်ရပ် မရှိမဖြစ် လိုအပ်ပါကြောင်း၊ အနိမ့်ဆုံးအားဖြင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းတို့၌ပါ တပ်မတော်သာလျှင် အခရာဖြစ်သည်ကို တွေ့နိုင်ပါကြောင်း၊ ထို့ကြောင့်လည်း "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိသည်" ဆိုသည့် စကားအတိုင်း တပ်မတော်အင်အားရှိအောင် ကြိုးပမ်းနေကြခြင်းပင် ဖြစ်ပါကြောင်း၊ သမိုင်းကြောင်းအရ တပ်မတော်၏ အခန်းကဏ္ဍသည် နိုင်ငံတော်တွင် အရေးပါသည့်အခန်းမှ အစဉ်အမြဲပါဝင်နေသည်ကို အထင်အရှားတွေ့ရပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းပြီး တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိနေပါကြောင်း၊ ပထမလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကို ကျင်းပနေပြီး ကိုယ်စားလှယ် ၁၀၀၀ ကျော်တို့က ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်နုနုဝင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူး သောင်းအေး(အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဆရာမ ဒေါ်ပေါ်ပေါ်က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

မုံရွာတက္ကသိုလ် မြန်မာစာဌာနမှ နည်းပြ ဦးကျော်မိုးဝင်းသန့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

အခြေခံဥပဒေကို တစ်ဦးတစ်ယောက်၊ တစ်ပါတီ၊ တစ်ဖွဲ့တည်းကရေးဆွဲခြင်းသည် မပြည့်စုံ၊ မမှန်ကန်သည်ကိုတွေ့ရမည် လူထုနည်းဖြင့်ရေးဆွဲ၊ လူထုထံချပြ၊ လူထုဆန္ဒဖြင့် အတည်ပြုသည့် အခြေခံဥပဒေသည်သာ ပိုမိုခိုင်မြဲ တည်တံ့မည်

* စာမျက်နှာ ၉ မှ

နိုင်ရန် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးကို အကျေအလည် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်နေကြကြောင်း၊ အမျိုးသားညီလာခံကြီးကို နိုင်ငံတစ်ဝန်းလုံးမှ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များက တက်ညီလက်ညီ ဆွေးနွေးတိုင်ပင် ညှိနှိုင်းနေကြခြင်း ဖြစ်ပါကြောင်း၊ ဤသို့ ဆွေးနွေးညှိနှိုင်းကြရာတွင်လည်း ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် တိုင်းပြည်နှင့်လူမျိုး အကျိုးကိုသာ ရှေးရှုပြီး စည်းလုံးညီညွတ်စွာ တိုင်ပင်ဆွေးနွေးနေကြခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း အမျိုးသားညီလာခံသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူများ၊ အနှစ်သာရများကို ညှိနှိုင်းဆွေးနွေးနေသည့် ကျယ်ပြန့်နက်ရှိုင်းသည့် အမျိုးသားနိုင်ငံရေး လှုပ်ရှားဆောင်ရွက်မှုကြီးပင် ဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံကြောင်း တင်သွင်းသွားသည့်အဆိုကို တစ်ခဲနက်ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆရာမ ဒေါ်ပေါက်ပေါက်က ထောက်ခံ ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်လျက်ရှိရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည် မြင့်မားရေး အစီအစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ချမှတ်ဖော်ဆောင်လျက်ရှိပါကြောင်း၊ နယ်ပယ်စုံ၊ကဏ္ဍစုံကို လွှမ်းခြုံနိုင်သည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာစေရန် အစဉ်အမြဲပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များကို စဉ်ဆက်မပြတ် ရယူအသုံးပြုနိုင်သည့် အစဉ်လေ့လာ သင်ယူနေသော ပညာရေးစနစ်ဖြစ်ထွန်းရန်လည်း ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် အနာဂတ်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြည့်ဆည်းနိုင်မည့် ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများစွာကိုလည်း ဘယ်ခေတ်ဘယ်ကာလနှင့်မှ မတူအောင် တည်ဆောက်ဖြည့်ဆည်းပေးနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

ယနေ့မျက်မှောက်ကာလတွင် သိပ္ပံနှင့် နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုများသည် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းမိုးကြီးစိုးလျက်ရှိနေပါကြောင်း၊ ယနေ့ နိုင်ငံတကာမျက်နှာစာကို ကြည့်လျှင် နည်းပညာကွာဟမှု၊ ခနအင်အား ကွာခြားမှုများနှင့်အတူ နိုင်ငံကြီးတချို့က ယင်းတို့၏ ဩဇာလောင်းရိပ်ကို ချဲ့ထွင်ထူထောင်နေသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း။

ယင်းသို့အခြေအနေ အချိန်အခါမျိုးတွင် မိမိတို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေနှင့် ပညာရည် မြင့်မားပြီး အသိအမြင်၊ အတွေးအခေါ်၊ ဆင်ခြင်တုံတရားတို့နှင့် ပြည့်စုံကြွယ်ဝနေရန် လိုအပ်ပါကြောင်း၊ ထို့အပြင် မိမိတို့အားလုံး တိုင်းချစ်ပြည်ချစ်မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှုတို့ကို ပေါင်းစည်းထားသည့် အမျိုးသားရေးစွမ်းအားကို အခိုင်အမာ တည်ဆောက်ထားကြရမည်ဖြစ်ပါကြောင်း။

ယခုဆိုလျှင် မိမိတို့နိုင်ငံတွင် အဆင့်မြင့်ပညာကဏ္ဍကို တစ်ခေတ်ဆန်းစေသည့် ကွန်ရက်စနစ်ကို အသုံးပြုလာနိုင်ပြီဖြစ်၍ ပညာရေးစနစ် မြင့်သထက် မြင့်လာပြီဖြစ်ကြောင်း၊ ဤအစီအစဉ်သစ်သည် ကျောင်းတွင်းပညာရေးကို အထောက်အကူပြုစေသကဲ့သို့ ကျောင်းပြင်ပ ပညာရေးနှင့် လူတိုင်းအတွက် အကျိုးဝင်ပညာရေးကိုလည်း ပံ့ပိုးပေးနိုင်သည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် အနာဂတ်အဆင့်မြင့် ပညာရေးစနစ်ကို တံခါးဖွင့်လိုက်သကဲ့သို့ အီလက်ထရွန်နစ် ထုတ်လုပ်မှုအစီအစဉ်များကိုလည်း အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍမှာလည်း ယခုအခါ မြန်မာနိုင်ငံတွင် ကျောက်ကြီးရောဂါ လုံးဝပပျောက်သွားပြီဖြစ်ကြောင်း၊ သူငယ်နာ၊ အကြောလေ၊ ပိုလီယိုရောဂါ ပပျောက်သွားပြီး ဆုံဆို့နာ၊ မေးခိုင်၊ကြက်ညှာချောင်းဆိုးနှင့် ဝက်သက်ရောဂါများကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ပါကြောင်း၊ အနာကြီးရောဂါ ကင်းဝေးသွားပြီး မျက်ခမ်းစပ်နှင့် မျက်မမြင်ရောဂါများကိုလည်း ထိန်းချုပ်ထားနိုင်ပြီဖြစ်ပါကြောင်း၊ ကူးစက်မြန်ရောဂါများဖြစ်ကြသည့် ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါများကိုလည်း တားဆီးကာကွယ်နိုင်ခဲ့သည့်အပြင် ခေတ်ပေါ် ဆား(Sars) ရောဂါကိုလည်း ပြည်သူလူထုနှင့်ပူးပေါင်းပြီး အောင်မြင်စွာ တားဆီးကာကွယ်နိုင်ခဲ့ပါကြောင်း၊ HIV/AIDS ရောဂါကိုလည်း အမျိုးသားအဆင့်ကော်မတီမှ တိုင်း/ခရိုင်/မြို့နယ်အဆင့်အထိ တားဆီးကာကွယ် ပညာပေးရေး၊ တိုက်ဖျက်ရေး ကော်မတီများဖွဲ့စည်းကာ ပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက် ရှိနေကြပြီဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာအရ ကလေးသူငယ်များကို ဦးစားပေး စောင့်ရှောက်ခဲ့ကြပါကြောင်း၊ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဆိုသည့် စကားအတိုင်း ကလေးသူငယ်များကို သနားကြင်နာမှု အပြည့်နှင့် ထိန်းသိမ်းကူညီ စောင့်ရှောက်ခဲ့ကြပါကြောင်း၊ နိုင်ငံတော်အနေနှင့်လည်း အနာဂတ်သားကောင်းများဖြစ်သည့် ကလေးသူငယ်များကို ကမ္ဘာ့အဆင့်မီ အရည်အချင်းပြည့်ဝအောင် လေ့ကျင့်ပျိုးထောင်ပေးရေးအတွက် စနစ်တကျ စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့နိုင်ငံတော်၏ အခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျ မှန်ကန်စွာကြည့်မည်ဆိုလျှင် ပညာရေး၊ ကျန်းမာရေး အခြေခံများ သိသိသာသာ ထူးထူးခြားခြား တိုးတက်အောင်မြင်

စစ်ကိုင်းတိုင်း မုံရွာမြို့မှ ခရိုင်ဥပဒေအရာရှိ ဦးမောင်မောင်လင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)



စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် ရွာတုံ့ရွာမှ တောင်သူ ဦးကျော်ဝင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

လာသကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံကြီးများ အပါအဝင် လူမှုဖွံ့ဖြိုးရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ နိုင်ငံတော်၏ စီးပွားရေးအခြေအနေမှာလည်း တစ်နှစ်ထက်တစ်နှစ် အမျိုးသားစီးပွားရေးစီမံကိန်း ရည်မှန်းချက်များ ပြည့်မီကျော်လွန်ပြီး တိုးတက်မြင့်မားနေပြီဖြစ်ပါကြောင်း။

ယခုလို ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရေရှည်ဆက်လက်ဖြစ်ထွန်းစေရန် တည်ငြိမ်အေးချမ်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အနှစ်သာရပြည့်စုံသည့် ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်နေရန်အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာတွင် ယခုအခါ လုပ်ငန်းစဉ်များ အတော်ပင် ခရီးရောက်နေပြီဖြစ်ကြောင်း၊ အစုအဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ်ကြီးများ စုံညီစွာ တက်ရောက်လျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူများချမှတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းနေကြပြီဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ပုံဖော်ရာတွင် အခြေခံကျသည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်သော အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေး တင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မုံရွာတက္ကသိုလ် မြန်မာစာဌာနမှ နည်းပြ ဦးကျော်မိုးဝင်းသန့်က ထောက်ခံဆွေးနွေးတင်ပြရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော် တည်ဆောက်ရာတွင် အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးမှုရှိခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး၁၀ ခိုင်မာတောင့်တင်းမှုရှိခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ အသိဉာဏ်ပညာ ပြည့်စုံခြင်းဆိုသည့် အခြေခံအချက် သုံးချက်လိုအပ်ကြောင်း၊ အလားတူ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအား စသည့် တိုင်းပြည်၏ အခြေခံစွမ်းအား တောင့်တင်းမှုများဖြင့်သာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ယင်းကဲ့သို့အခြေခံစွမ်းအားများ တောင့်တင်းခိုင်မာလာရန် ကြိုးပမ်းတည်ဆောက်နေသကဲ့သို့ ပြည်သူများလိုလားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက်လည်း ရှေ့လုပ်ငန်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ်အနက် ပထမဆုံးလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့ရာတွင် အောင်မြင်တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ပေါက်နေပြီဖြစ်ပါကြောင်း။

မိမိတို့ စစ်ကိုင်းတိုင်း၏ တိုးတက်ဖြစ်ထွန်းမှုများကို ကောက်နုတ်တင်ပြရလျှင် စစ်ကိုင်းတိုင်းအတွင်း၌ ၁၉၈၈ ခုနှစ် မတိုင်မီက ပေ ၈၀မှ ပေ ၁၈၀ထိ တံတား ၆၉၉ စင်းရှိရာက ယနေ့ဆိုလျှင် ၃၂၉၇စင်းထိ ရှိလာပြီဖြစ်၍ ၂၅၉၈စင်း တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်မတိုင်မီက ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၁၄စင်း ရှိခဲ့ရာက ယနေ့ဆိုလျှင် ၃၈စင်း တည်ဆောက်ပြီးဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် ဧရာဝတီတံတား(ရတနာပုံ)ကို မန္တလေး၊ စစ်ကိုင်း ဆက်သွယ်ကူးသန်းနိုင်ရန် တည်ဆောက်လျက်ရှိရာမှာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့ နိုင်ငံသားများအနေဖြင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို မည်သည့် အဖျက်သမားများ၏ ဖျက်ဆီးခြင်းကိုမှ လက်မခံနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပကတိတိုးတက်မှု အခြေအနေများကိုကြည့်လျှင် မနာလိုမရှုဆိတ်သူများပြောသကဲ့သို့ မြန်မာနိုင်ငံသည် ထမင်းငတ်နေသည့် နိုင်ငံမဟုတ်သကဲ့သို့ အစာရေစာအတွက် လက်ဖြန့်ခံ တောင်းစားနေရသည့် နိုင်ငံလည်းမဟုတ်ကြောင်း၊ လူတိုင်း ဝမ်းဝဝစားနိုင်ရုံမက ဆန်၊ အသားငါး၊ ပဲမျိုးစုံတို့သည် ပိုလျှံနေသည့်အတွက် ပြည်ပနိုင်ငံများကိုပင် တင်ပို့ရောင်းချလျက်ရှိနေကြောင်း၊ ဤသို့ အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်လာအောင် မည်သူ့အကူအညီမှ ရယူဆောင်ရွက်ခဲ့ခြင်းမဟုတ်သကဲ့သို့ မည်သည့်နိုင်ငံ၏ ပယောဂနှင့်မှ စွက်ဖက်နှောင့်ယှက်မှုမျိုးကိုလည်း လက်မခံနိုင်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်နှင့် ပြည်သူတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အခြေခံဥပဒေကို ရေးဆွဲဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အချုပ်အခြာအာဏာသည် မိမိတို့ ပြည်သူအားလုံး၏ အသက်ဝိညာဉ်ဖြစ်ကြောင်း၊ ထို့ကြောင့် အချုပ်အခြာအာဏာကို ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အခြေခံခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် အလွန်ကို အရေးကြီးလှပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်ရမည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများ ညှိနှိုင်းရေးဆွဲနေသည့် အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးအတွက် မိမိတို့ ပြည်သူတစ်ရပ်လုံး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံပြီး စည်းစည်းလုံးလုံး အင်တိုက်အားတိုက် ပါဝင်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို လှိုက်လှိုက်လဲလဲ ထောက်ခံပါကြောင်း တင်ပြရင်း ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို မုံရွာမြို့မှ ခရိုင်ဥပဒေအရာရှိ ဦးမောင်မောင်လင်းက ထောက်ခံဆွေးနွေး တင်ပြရာတွင် မိမိတို့နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ရေးပင် ဖြစ်ကြောင်း၊ ဤရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် နိုင်ငံသားအားလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံရမည့် တစ်မျိုးသားလုံးနှင့် အကျုံးဝင်သည့် မွန်မြတ်သည့် ပန်းတိုင်ပင်ဖြစ်ပါကြောင်း၊ ဤမွန်မြတ်သည့် ပန်းတိုင်ကို လှမ်းကိုင်နိုင်ရန်အတွက် မိမိတို့ နိုင်ငံသားအားလုံး ဦးထိပ်ပန်ဆင်ရမည်မှာ ဒို့တာဝန်အရေး သုံးပါးပင်ဖြစ်ပါကြောင်း၊ ဒို့တာဝန်အရေးသုံးပါး၏ အနှစ်ချုပ်သည် ပြည်ထောင်စုကြီး မပြိုကွဲရေးဖြစ်သည့်အတွက် မိမိတို့ တိုင်းရင်းသားပြည်သူအားလုံး၏ တူညီသောဆန္ဒသည် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးပင် ဖြစ်ပါကြောင်း၊ ဤသို့ ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေးတာဝန်ကို အမျိုးသားညီလာခံက ထမ်းဆောင်လျက်ရှိပါကြောင်း။

အခြေခံဥပဒေသည် နိုင်ငံတစ်ခုကို မည်သည့်ပုံသဏ္ဌာန်ဖြင့် ဖွဲ့စည်းတည်ထောင်မည်ဆိုသည်ကို သတ်မှတ်ပြဋ္ဌာန်းပေးပါကြောင်း၊ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် ရေ၊ မြေ၊ သဘာဝ၊ ရာသီဥတု၊ လူမျိုးစရိုက်၊ ယဉ်ကျေးမှု ဓလေ့အစဉ်အလာ၊ ပထဝီအနေအထား၊ သမိုင်းကြောင်းနှင့် ဆန္ဒသဘောထားတို့ တူညီကြသည်မဟုတ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအလိုက် မိမိတို့ သမိုင်းကြောင်း၊ မိမိတို့ လူမျိုးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုဓလေ့ အစဉ်အလာ၊ ရေမြေဥတုရာသီ၊ နိုင်ငံသားများ၏ ဆန္ဒသဘောထားနှင့် အကျိုးစီးပွားကို အခြေခံပြီး လိုက်ဖက်ညီ၊ ဆီလျော်သင့်တော်မည့် အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းကြခြင်းဖြစ်ကြောင်း။

နိုင်ငံတစ်ခု၏ အခြေခံဥပဒေကို ပြင်ပနိုင်ငံများက ဝင်ရောက်ရေးဆွဲပေးခြင်းမျိုးသည် သဘာဝမကျသကဲ့သို့ လက်ခံနိုင်စရာလည်း အကြောင်းမရှိပါကြောင်း၊ ကိုယ့်ဆန္ဒ၊ ကိုယ့်စရိုက်၊ ကိုယ့်သမိုင်းကို ကိုယ်သာအသိဆုံး၊ ကိုယ်သာ ပဓာနအကျဆုံးဖြစ်သည့်အတွက် နိုင်ငံသားများ ကိုယ်တိုင်ပါဝင် ရေးဆွဲခြင်းသာလျှင် အမှန်ကန်ဆုံး၊ အမျှတဆုံးဖြစ်မည် မလွဲပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်တွင်ရှိသည့် ဥပဒေအားလုံး၏ အခြေခံဖြစ်သည့်အတွက် အခြားပြဋ္ဌာန်းပြီး တည်ဆဲဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်မည်ဆိုလျှင် အခြေခံဥပဒေနှင့်အညီ အခြေခံဥပဒေဘောင်အတွင်းမှ အနှစ်သာရများနှင့်အညီ ဖွင့်ဆိုရမည်ဖြစ်ပါကြောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုမှုမှန်သမျှ အခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိစေရပါကြောင်း၊ ထို့ကြောင့် အခြေခံဥပဒေကို Constitution လို့ သုံးသကဲ့သို့ Basic Law ဟုလည်း ခေါ်ဝေါ်သုံးစွဲခြင်း ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုသည့်အတိုင်း နိုင်ငံတော်ကို ဘယ်ပုံစံ၊ ဘယ်အမျိုးအစားနှင့် တည်ဆောက်မည်ကို စဉ်းစားဆုံးဖြတ်ကြရာတွင် တချို့က ဘုရင်စနစ်၊ တချို့က စည်းမျဉ်းခံဘုရင်စနစ်၊ တချို့က တစ်ပြည်ထောင်စနစ်၊ တချို့က ပြည်ထောင်စုစနစ် စသည်ဖြင့် မိမိတို့နှစ်သက်ရာ ပုံစံနှင့် တည်ဆောက်ကြပါကြောင်း၊ မည်သည့်ပုံစံနှင့် တည်ဆောက်သည်ဖြစ်ပါစေ အခြေခံဥပဒေကို တစ်ဦးတစ်ယောက်၊ တစ်ပါတီ၊ တစ်ဖွဲ့တည်းကရေးဆွဲခြင်းသည် မပြည့်စုံ၊ မမှန်ကန်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လူထုနည်းဖြင့် ရေးဆွဲ၊ လူထုထံချပြ၊ လူထုဆန္ဒဖြင့် အတည်ပြုသည့် အခြေခံဥပဒေသည်သာ ပိုမိုခိုင်မြဲတည်တံ့မည်ဖြစ်ပါကြောင်း၊ ယခု မိမိတို့ ကျင်းပဆဲ အမျိုးသားညီလာခံတွင် လူထုကိုယ်စားလှယ်များ စုံညီစွာနှင့် ညှိနှိုင်းရေးဆွဲနေခြင်းဖြစ်၍ ခိုင်မြဲတည်တံ့မည်မှာ သေချာနေပါကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီ နိုင်ငံတော် ဖြစ်ထွန်းရေးမျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ပါ ပြဋ္ဌာန်းချက်အတိုင်း ယာယီရပ်ဆိုင်းခဲ့သည့် အမျိုးသားညီလာခံကို ပြန်လည် ကျင်းပခဲ့ပါကြောင်း။

ယခုကျင်းပဆဲ အမျိုးသားညီလာခံက ထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေနှစ်ခုထက်ပိုပြီး ဒီမိုကရေစီကျအောင်၊ တိုင်းရင်းသားလူမျိုးစုအသီးသီးအတွက် ရသင့်ရထိုက်သည့် သင့်တင့်မျှတသည့် အခွင့်အရေးများ တန်းတူညီမျှ ရရှိနိုင်အောင်၊ ပြည်ထောင်စုကြီး အခွန့်ရှည် တည်တံ့ခိုင်မြဲအောင် အဘက်ဘက်က ဆောင်ကြဉ်းပေးနေခြင်းကြောင့် နိုင်ငံတော်အတွက် စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

စီးပွားရေးအရ တွက်ခြေကိုက်ပြီး ထုတ်လုပ်စရိတ် သက်သာသည့်အပြင် ကာဗွန်ထုတ်လုပ်မှု နည်းသည့် ဩစည်းရိုးကြက်ဆူပင်ကို နေရာအနှံ့စိုက်ပျိုးနေ

▲ စာမျက်နှာ ၁၀ မှ

အာမခံချက် အပြည့်အဝရှိနေပြီဟု ရှုမြင်ခံစားကြရပါကြောင်း၊ တစ်မျိုးသားလုံး၏ အသက်သွေးကြောဖြစ်သည့် အခြေခံဥပဒေကို ရေးဆွဲပုံဖော်နိုင်ခြင်းသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်အကျုံးဝင်နေသည့် အမျိုးသားရေးလုပ်ငန်းကြီးဖြစ်သည့်အတွက် အမျိုးသားညီလာခံကြီးကို မိမိတို့ ပြည်သူတစ်ရပ်လုံးက အားပေးထောက်ခံ ကြိုဆိုသွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးနှင့်အညီ အနာဂတ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာအောင် မိမိတို့အားလုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင် တင်သွင်းသွားသည့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် ရွာတုံရွာမှ တောင်သူ ဦးကျော်ဝင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့ နိုင်ငံတော်မှာ ဒေသစုံ၊ ဘက်စုံ၊ ကဏ္ဍစုံတွင် ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထူးဒေသ ၂၄ ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေသကဲ့သို့ စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး အခြားကဏ္ဍများကိုပါ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် ယခင်က စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း၊ တာတမံ ၁၃၈ ခု ရှိခဲ့ရာမှ ယခုဆိုလျှင် ၃၁၈ ခုထိ တည်ဆောက်နိုင်ခဲ့သည့်အတွက် ဆည်မြောင်းတာတမံ ၁၈၀ ခုအထိ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ဆောင်ရွက်ဆဲ ဆည်၊ တာတမံ ၂၃ ခုရှိပြီး ကျေးလက်ဆည်ပေါင်း ၁၂၄၀ခု တိုးတက်တည်ဆောက်ခဲ့ပါကြောင်း၊ မြစ်ရေတင်စီမံကိန်း ၂၉၃ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆောင်ရွက်ဆဲ မြစ်ရေတင်လုပ်ငန်း ၃၄ ခုလည်းရှိပါကြောင်း၊ ဤကဲ့သို့ စိုက်ပျိုးရေရရှိရေး အစီအမံများကြောင့် စုစုပေါင်း လယ်ယာအကျိုးပြုဧက ၂ ဒသမ ၈ သန်း တိုးတက်လာခဲ့သည့်အပြင် ယခင် တစ်သီးစားသာ စိုက်ပျိုးခဲ့ရာက ယခုဆိုလျှင် နှစ်သီးစား၊ သုံးသီးစားအထိ စိုက်ပျိုးနိုင်ခဲ့ကြကြောင်း။

စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးမြေ တိုးချဲ့ဖော်ထုတ်ခြင်း၊ မျိုးကောင်းမျိုးသန့် အသုံးပြုခြင်း၊ စိုက်ပျိုးရေးနည်းပညာပိုင်း မြင့်မားလာခြင်းတို့ကြောင့် သီးနှံစိုက်ဧကနှင့် အထွက်နှုန်းများ သိသိသာသာ တိုးတက်လာခဲ့သည်ကို မိမိတို့ တောင်သူအားလုံး ကိုယ်တွေ့ပင်ဖြစ်ပါကြောင်း။

မိမိတို့ စစ်ကိုင်းတိုင်းအတွင်းတွင် ယခင် ၁၉၈၈ ခုနှစ်က စိုက်ပျိုးမြေဧက ၂၇ သိန်းကျော် ရှိခဲ့ရာမှ ယခုဆိုလျှင် စိုက်ပျိုးမြေဧက ၄၁ သိန်းကျော် ရှိနေပြီဖြစ်သည့်အတွက် ဧက ၁၃ သိန်းကျော် တိုးချဲ့စိုက်ပျိုးနိုင်သည်ကို တွေ့ရပါကြောင်း၊ မိုးစပါးစိုက်ပျိုးမှုအနေနှင့် ယခင်က မိုးစပါးစိုက်ဧက ၁၂ သိန်းကျော် ရှိခဲ့ရာမှ ယခုဆိုလျှင် မိုးစပါးစိုက်ဧက ၁၆ သိန်းကျော်ရှိပြီး စစ်ကိုင်းတိုင်း၏ ဆန်ဖူလုံမှုသည် ၁၉၉ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးခဲ့သည့် ရေလှောင်တမံများနဲ့ မြစ်ရေတင်စီမံကိန်းများကြောင့် မိုးစပါး၊ နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည့်အတွက် မိမိတို့ စစ်ကိုင်းတိုင်းတွင် စပါးတင်းသိန်း ၅၀၀ ကျော် ပိုလျှံပြီး အထက်မြန်မာပြည်၏ စပါးကျီဖြစ်နေပါကြောင်း၊ ယခင်က ပဲစိုက်ဧက တစ်သိန်းကျော်ရှိခဲ့ရာမှ ယခု ဧကငါးသိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်က ဝါစိုက်ဧက ၉ သောင်း ၈ ထောင်ခန့် ရှိခဲ့ရာမှ ယခုဆိုလျှင် ဧကတစ်သိန်းကျော် ရှိနေပြီဖြစ်ပါကြောင်း။

၁၉၈၈ ခုနှစ် မတိုင်မီက ဆည်ကန် ၁၂၇ ခုရှိပြီး အကျိုးပြုဧက လေးသိန်းကျော်ကို ရေပေးနိုင်ခဲ့ရာမှ ယနေ့ဆိုလျှင် ဆည်၊ ကန်နှင့် မြစ်ရေတင်လုပ်ငန်း ၁၄၁၆ ခုရှိပြီး အကျိုးပြုဧက ၁၁ သိန်းကျော်ခန့် ရှိလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်းအတွင်း ၁၉၈၈ ခုနှစ် တစ်ဦးချင်းဝင်ငွေသည် ကျပ်လေးသောင်းကျော်သာ ရှိခဲ့ရာက ၂၀၀၅ ခုနှစ်တွင် ကျပ်နှစ်သိန်းနီးပါးအထိ တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယနေ့ကာလသည် ရေနံဓာတုလွန်ခေတ်ကို ရောက်တော့မည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ရေနံပမာဏသည်လည်း နောင်နှစ်ပေါင်း ၄၀ ခန့်သာ အသုံးပြုနိုင်တော့မည်ဖြစ်၍ စက်သုံးဆီသုံးစွဲမှုများကို နည်းလမ်းမျိုးစုံနှင့် လျှော့ချလာကြသည်ကို တွေ့ရပါကြောင်း။

ယခုဆိုလျှင် မိမိတို့တောင်သူလယ်သမားများ အသုံးပြုသည့် လယ်ယာသုံး လက်တွန်းထွန်စက်နှင့် ရေစုပ်စက်၊ ခြွေလှေ့စက်စသည့် လယ်ယာသုံးစက်များအတွက် ဒီဇယ်ဆီအစားထိုး ဩစည်းရိုးကြက်ဆူဆီဖြင့် စမ်းသပ်မောင်းနှင်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တောင်သူလယ်သမားများအနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်ပြီး စိုက်ပျိုးစရိတ်သက်သာသည့်အပြင် ကာဗွန်ထုတ်လုပ်မှု နည်းသည့် ဩစည်းရိုးကြက်ဆူပင်များကို နေရာအနှံ့အပြားတွင် စတင်စိုက်ပျိုးနေကြပြီဖြစ်ပါကြောင်း။

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကြောင့် မိမိတို့နိုင်ငံတွင် လူတိုင်း ဝမ်းဝဝ စားနိုင်ရုံမက ဆန်စပါး၊ သား၊ ငါး၊ ပဲမျိုးစုံတို့မှာ ပိုလျှံနေသည့်အတွက် ပြည်ပနိုင်ငံများကိုပင် တင်ပို့ရောင်းချလျက် ရှိပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာအောင် မည်သူ့ထံမှ အကူအညီရယူ ဆောင်ရွက်ခဲ့ခြင်း မဟုတ်သကဲ့သို့ မည်သည့်နိုင်ငံ၏ ပယောဂနှင့်မှ မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက် မခံနိုင်ပါကြောင်း၊ နိုင်ငံအတွက် စပါးတစ်ပင်မစိုက်၊ မြက်တစ်ပင် မနုတ်ဖူးသူများက သူတို့သာ နိုင်ငံကိုအချစ်ဆုံးလို့ ပြောနေကြသည်များကိုလည်း မယုံကြတော့ပါကြောင်း၊ ကိုယ်လုပ်မှ ကိုယ်စားရသည်ဆိုသကဲ့သို့ မိမိတို့အားလုံး ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်နိုင်ငံကိုယ်ထူထောင်နိုင်မှ မိမိတို့ မျှော်မှန်းသည့် ဒီမိုကရေစီပန်းတိုင်ကို ရောက်နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေနှင့် ကိုလိုနီဘဝ ကျရောက်ခဲ့ခြင်းနှင့် သွေးခွဲအုပ်ချုပ်ခံရခြင်းကြောင့် စည်းလုံးညီညွတ်မှု ပျက်ပြားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝ နိမ့်ကျခဲ့ရသည့် အတိတ်သင်ခန်းစာကို ရယူပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကိုအမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ဆောင်ရွက်နေသည်ကို မိမိတို့ ပြည်သူအားလုံးက အထူးကို လိုလားနှစ်ခြိုက် သဘောကျကြပါကြောင်း။

ယနေ့ ကျင်းပနေသည့် အမျိုးသားညီလာခံကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များကိုလေ့လာကြည့်ရာတွင်လည်း ဒို့တာဝန်အရေး(၃)ပါးကို စောင့်ထိန်းကာကွယ်ပြီး ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် အချုပ်အခြာအာဏာကို ခိုင်မာစွာထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဦးတည်ဆောင်ရွက်နေကြသည်ကို တွေ့ရသည့်အတွက် မိမိတို့ပြည်သူအားလုံးက တစ်ခဲနက် ကြိုဆိုထောက်ခံသွားကြရမှာဖြစ်ပါကြောင်း။

အချုပ်အခြာအာဏာသည် မိမိတို့ပြည်သူအားလုံး၏ အသက်ဝိညာဉ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အချုပ်အခြာအာဏာကို ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အခြေခံခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်လည်း အလွန်ကိုအရေးကြီးလှပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ရမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ညှိနှိုင်းရေးဆွဲနေသည့် အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးအတွက် မိမိတို့ ပြည်သူတစ်ရပ်လုံး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အရင်းခံပြီး စည်းစည်းလုံးလုံး အင်တိုက်အားတိုက် ပါဝင်ကြရမည်ဖြစ်ပါ၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေး တင်ပြသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ တက်ရောက်လာကြသော ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးကြီးက ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၉ နာရီ မိနစ် ၂၀တွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၀၆ (စနေနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ မေးကြည့်ဖြေကြည့်ပဟေဠိ
- ၇:၃၅ တေးဂီတအစီအစဉ်
- ၇:၄၀ Business Talk
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ အသည်းရောင် အသားဝါ (ဘီ)ရောဂါအကြောင်း ဟောပြောချက် အပိုင်း(၄) ပါမောက္ခ ဦးခင်မောင်ဝင်း
- ၈:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၅၀ ဗွီစီဒီမိတ်ဆက် (ချစ်ကောင်း) အလှည့်-၄
- ၉:၁၀ **ရွှေကြက်ဆူဘိုင်အိုဒီဇယ် (သရုပ်ဆောင်-ရော်ငှက်ပျော ကြော်၊ တက္ကသိုလ်ဝွမ်းပုံ) [ဒါရိုက်တာ-ဖုန်းမြင့်အောင်]**
- ၉:၁၅ မိုးလေဝသခန့်မှန်းချက်
- ၉:၂၀ ထပ်ဆင့်အောင်ပွဲ ဧရာဝတီ တံတား ဒေးဒရဲ
- ၉:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၃၀ တေးဂီတအစီအစဉ်
- ၉:၃၅ ရွှေထည်ပြုလုပ်ခြင်း အနုပညာ
- ၉:၄၀ တေးဂီတအစီအစဉ်
- ၉:၄၅ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ ဂီတသဘင် စင်တင် တင်ဆက်မှု (အကသွက်လက်ပလို့ ချက်ယိမ်း)
- ၉:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၅၅ တေးဂီတအစီအစဉ်
- ၁၀:၀၀ လောကဥ္စ အကောင်းဆုံးအမွေ
- ၁၀:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅ မြန်မာ့ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲ(အပိုင်း-၂)
- ၁၀:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀ ချပ်သင်းဘေးမဲ့တော ရွှေသမင်စာရင်း ကောက်ယူခြင်းလုပ်ငန်း
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ သံချည်သံကွေး အတတ်ပညာ (အပိုင်း-၁)
- ၁၁:၂၀ တေးဂီတအစီအစဉ်
- ၁၁:၂၅ စောင့်ရှောက်ခြင်းသည် ဒို့တာဝန်၊ စောင့်ရှောက်ခြင်းသည်မျှဝေမှု
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၅) နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

- ၅:၄၀ ပွဲကြိုသုံးသပ်ချက်(၁)
- **လိုင်း:** 5-Sports (ကျော်ဘီလူးတင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)
- ၆:၃၀ ပွဲကြိုသုံးသပ်ချက်(၂)
- **လိုင်း:** 5-Sports(Live)
- ၇:၁၀ Man City-Man United
- **လိုင်း:** 5-Sports(Live)
- ၉:၂၅ Arsenal-Middlesbrough
- **လိုင်း:** 5-Sports(Live)
- Liverpool-Tottenham
- **လိုင်း:** 5-Cartoons(Live)
- Portsmouth-Everton
- **လိုင်း:** 5-Movies(Live)
- ၁၁:၃၀ Aston Villa-West Ham
- **လိုင်း:** 5-Cartoons(SDD)
- Fulham-NewcastleUnited
- **လိုင်း:** 5-Movies(SDD)
- ၁၁:၄၀ Blackburn-Bolton
- **လိုင်း:** 5-Sports(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

- ၂:၀၀ Messina-Palermo
- **လိုင်း:** MRTV-4 (Live)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာ ကျောင်းသားစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျောင်းခန်းမတွင်ကျင်းပရာ ကျောင်းပညာသင်ကြားရေးနှင့် ကျောင်းလုပ်ငန်းများအတွက် ငွေကျပ် ၃၂၀၀၀၀ လှူဒါန်းသော စေတနာရှင်ကျောင်းသားမိဘများအား ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(ပညာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **မိုးကုတ်ဆရာတော်ကြီး တရားတော် -ရန်သူနှစ်ယောက်ကို အသေသတ်နည်းတရားတော်**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၁၅ ၄။ ကျန်းမာသုတ
- ၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် မမေ့နိုင်သောနေ့ (အပိုင်း-၁)**
- ၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁:၅၉ ၈။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၃၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နေခြည်ဖြာမှ" (အပိုင်း-၂)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **English Premier League ဘောလုံးပွဲ -Arsenal Vs Middlesbrough**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။

ဇန်နဝါရီ ၉ ရက်က မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးမိ ဈေးဖများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရွှေဟင်္သာဈေးတွင် လက်တွေ့မီးငြိမ်းသတ်ခြင်း ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးချစ်ရီ၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိဦးဖုန်းလွင်နှင့် မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးမှူး ဦးဉာဏ်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

● ခြံစည်းရိုးကြက်ဆူမှ

ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်သို့ ရောက်ရှိပြီး ဇုန်(၃) အကွက်အမှတ်(၂၆၆)၌ ကိုက်လန်၊ ရုံးပတီ၊ ငရုတ်၊ ကြက်သွန်၊ ဒန့်သလွန် အစရှိသည့် ဟင်းသီးဟင်းရွက်စိုက်ခင်း ငါးဧက စိုက်ပျိုးဖြစ်ထွန်းနေမှုကို လည်းကောင်း၊ အကွက်အမှတ်(၂၆၄–၂၆၅)၌ ဘူး၊ ငရုတ်၊ ပြောင်း နှင့် ကြက်သွန် ၁၀ဧက စိုက်ပျိုးဖြစ်ထွန်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်း

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဇုန်(၃) အကွက်အမှတ်(၁၈၃)ရှိ ခြံစည်းရိုး ကြက်ဆူပျိုးခင်း၌ ခြံစည်းရိုးကြက်ဆူအစေ့ပျိုးပင်ပေါင်း ၁၀၀၀၀နှင့် ကိုင်းဖြတ်ပျိုးပင်ပေါင်း ၇၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုကြကာ ခြံစည်းရိုး ကြက်ဆူစေ့နှင့် ကြက်ဆူကိုင်းများကို ပျိုးအိတ်များအတွင်းသို့ ထည့်သွင်း ပျိုးထောင်ပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် ဇုန်(၃) ရှင်းလင်းဆောင်၌ ဇုန်တာဝန်ခံများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ လုပ်ငန်းရှင်များက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အဆင်ပြေအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးစေလိုသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပံ့ပိုး ဆောင်ရွက်ပေးမှုနှင့် လုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် ဟင်းသီး ဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်သည် တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်က လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ လုပ်ငန်းရှင် များကလည်း မိမိတို့၏စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းရှင်များအနေဖြင့် ဇုန်အတွင်း စိုက်ပျိုးရန် သတ်မှတ်ထားသည့် ဟင်းသီး ဟင်းရွက် ၂၆မျိုးသာမက လုပ်ငန်းရှင်များအတွက် များစွာအကျိုးဖြစ်ထွန်းပြီး နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေး နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း စိုက်ပျိုးကြစေလိုကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်သည် ကာလတိုအတွင်း အကျိုးအမြတ်ရရှိသည့် နှစ်ရှည်သီးနှံတစ်မျိုး ဖြစ်ကြောင်း၊ ကြက်ဆူပင်စိုက်ပျိုးရန်အတွက် လိုအပ်သည့် မျိုးစေ့၊ ပျိုးပင်၊ စိုက်ပျိုးရမည့် နည်းပညာများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ကူညီပံ့ပိုးပေး သွားမှာဖြစ်ကြောင်း၊ ကြက်ဆူပင်ကို မိမိတို့၏ စိုက်ပျိုးမြေ၏ ခြံစည်းရိုးများနှင့် မြေလွတ်မြေလပ်များ၌ စနစ်တကျ စိုက်ပျိုးခြင်းဖြင့် မိမိတို့၏ စိုက်ပျိုးရေး လုပ်ငန်းသုံး စက်ပစ္စည်းများအတွက် လိုအပ်သည့် စက်မောင်းဆီကို ရရှိစေနိုင်မှာ ဖြစ်ကြောင်းနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန် တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ မပျောက်ပျက်စေရန် ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းကြစေလိုကြောင်းဖြင့် ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဇုန်(၂)၌ကျင်းပသည့် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်၊ ခြံစည်းရိုး ကြက်ဆူပင် ပျိုးပွဲတော်နှင့် ပျိုးပင်စုပေါင်းစိုက်ပျိုးပွဲသို့ ရောက်ရှိကြရာ ရှေးဦးစွာ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက ခြံစည်းရိုး ကြက်ဆူပင်ပျိုးပွဲတော်နှင့် ပျိုးပင်စုပေါင်း စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း ကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရမည့် နည်းပညာများနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက် လာကြသည့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ခြံစည်းရိုး ကြက်ဆူပင်မျိုးစေ့နှင့် ကြက်ဆူကိုင်းများကို ဝေငှပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ကြက်ဆူပင်များကို ပါဝင်စိုက်ပျိုး ပေးကြပြီး ကွင်းအတွင်း လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ ခြံစည်းရိုး ကြက်ဆူမျိုးစေ့ ၂၀၀၀၀နှင့် ကြက်ဆူကိုင်း ၃၀၀၀၀ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) အမှတ်(၁၃) အခြေခံ ပညာမူလတန်းကျောင်းတွင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ (Grade 5)တွင် မြို့နယ်အဆင့် လေးဆုနှင့် ကျောင်းတွင် ပထမဆုရ မစန်းသီတာအား ကျောင်းအုပ်ဆရာကြီး ဦးအုန်းကျော် ဆုချီးမြှင့်စဉ်။ (ပညာရေး)

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပါကစ္စတန် အစ္စလာမ်မစ်သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တွဲဖက်အတွင်းဝန် မစ္စတာ အာခ်တားတူဖေးလ် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပါကစ္စတန်နိုင်ငံခြားရေး တွဲဖက်အတွင်းဝန် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တွဲဖက် အတွင်းဝန် မစ္စတာ အာခ်တားတူဖေးလ်သည် ဇန်နဝါရီ ၁၂ ရက် မွန်းတည့် ၁၂နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား နိုင်ငံခြားရေး ဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက် အတွင်းဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး မစ္စတာ မူဟာမက် နာဝပ်ဇ် ချောင်ဒူရီနှင့် သံမှူး ဟာဘီ အူး ရီမန်တို့လည်း လိုက်ပါလာ ကြသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက် အတွင်းဝန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဇီဇဝါရိပ်သာ၌ တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ တို့အကြား နှစ်နိုင်ငံ ဆွေးနွေးပွဲတစ်ရပ် ကို ပြုလုပ်သည်။ ညနေပိုင်းတွင် ဧည့်သည်တော် ပါကစ္စတန်နိုင်ငံခြားရေး ဝန်ကြီးဌာန အတွင်းဝန်နှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက Hotel Nikko Royal Lake ၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက် အတွင်းဝန်သည် ရန်ကုန်မြို့သို့ ဇန်နဝါရီ ၁၁ ရက်တွင် လေကြောင်း ခရီးဖြင့် ဆိုက်ရောက်လာခဲ့ပြီး ခရီးစဉ် အတွင်း ဇန်နဝါရီ ၁၂ရက်တွင် သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့်လည်း တွေ့ဆုံဆွေးနွေး သည်။

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန်သည် ရန်ကုန်မြို့မှ ယနေ့ နံနက်ပိုင်းတွင် လေကြောင်း ခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကွယ်လွန်သူ နှစ်ဖက်မိဘများအားရည်စူး၍ ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်း ကျောက်တံတားမြို့နယ်နေ ဦးတင်ထွဋ်–ဒေါ်မွှေးမွှေး၊ သား–ထွဋ်ဝင်းလျံ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်း ရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က–ပ)

ရန်ကုန်–မန္တလေး ဈေးသင်္ဘောထွက်ခွာမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေး ဌာနခွဲ၏ ရန်ကုန်–မန္တလေး ဈေးသင်္ဘောခေါက်ရေ(၂) "မြဧရာ"ရေယာဉ်သည် ဇန်နဝါရီ ၂၁ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင်အမှတ်(၆) တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၂၉၂၁၉၉၊ ၂၉၂၁၃၉သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။

နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံနှင့် မကွေးမြို့များ၌ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

အောင်စကြာဆရာတော် တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာ ဆရာတော်သည် ဇန်နဝါရီ ၁၅ရက် ညတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၈)ရပ်ကွက် ဘလောက်ကျွန်းရွှေမြိုင်လမ်း၊ (၁၆/၁၇/၁၈)ရက် ညများတွင် သာကေတမြို့ ၄/တောင် ရပ်ကွက် မြို့မလမ်း(မြောက်) သာသနဝေပုလ္လဓမ္မာရုံ၊ ၁၉ ရက်ညတွင် ရွှေပေါက်ကံမြို့သစ် မော်ကျွန်းပရိယတ္တိစာသင်တိုက်၊ ၂၀ ရက်ညတွင် သုံးခွမြို့ ရှစ်မျက်နှာစေတီ ဗုဒ္ဓလမ်းစဉ်ဓမ္မသဘင်၊ ၂၁ ရက်ညတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေဓမ္မာရုံ၊ (၂၂/၂၃)ရက် ညများတွင် သန်လျင်မြို့နယ် အလယ်ကျေးရွာ ရွှေဘုန်းပွင့်စေတီတော် တရားမဏ္ဍပ်၊ ၂၄ရက်ညတွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ရပ်ကွက် ဓမ္မရောင်ခြည်ဦးဓမ္မာရုံတို့တွင် ဓမ္မခရီးကြွရောက်ချီးမြှင့်တော်မူမည်ဟု သိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄–၁–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ဆင်ဖြူရှင်တံတား
၈:၁၀ ၈။ အရေးပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၆။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ Doraemon (အပိုင်း–၁)**
၁:၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်နွေးနွေး" (အပိုင်း–၂၂)**
၁:၄၀ ၈။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁:၅၀ ၉။ အဆိုပြိုင်ပွဲ
၂:၀၀ ၁၀။ ပသာဒအလှနှင့် ရေကူးအက
၂:၁၀ ၁၁။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၂:၂၀ ၁၂။ ဝတီဖျားမှနန္ဒာကန်
၂:၃၀ ၁၃။ **"အလျော်အစား" (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ–ကျော်ဇောလင်း)**
၂:၄၅ ၁၄။ International News.
၃:၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ –ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)**
၄:၄၅ ၄။ အကပြိုင်ပွဲ
၄:၅၀ ၅။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၀၀ ၆။ မြန်မာစာ မြန်မာစကား
၅:၁၅ ၇။ တေးဂီတအစီအစဉ်
၅:၃၀ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အသည်းနှလုံးနဲ့လူသား" (အပိုင်း–၁)**
၇:၃၅ ၁၂။ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ
၇:၄၅ ၁၃။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဍာန်နှင့် အနှစ်သာရ (အပိုင်း–၅)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **"ရောရွှေနဒီ သက်သေတည်၍" (အပိုင်း–၁) (ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ) [ဒါရိုက်တာ– စင်ရော်မောင်မောင်]**
၁၈။ **နိုင်ငံခြားဇာတ်လမ်း "ချစ်မိပြီဆိုရင်" (အပိုင်း–၁၃)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့ အမှတ်(၃)၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့ အမှတ်(၃)ရန်ကုန်တိုင်း ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)ကို ယနေ့ ညနေ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့ အမှတ်(၃)တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ လုပ်ငန်းအဖွဲ့ဝင် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်း လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့ အမှတ်(၃) တာဝန်ခံ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူး ချုပ်အောင်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်နှင့် တိုင်း လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး များက လုပ်ငန်းဆောင်ရွက်ထားရှိမှု များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအထူးလုပ်ငန်း အဖွဲ့ဝင် ဌာနဆိုင်ရာအကြီးအကဲများက အကြံပြုဆွေးနွေးတင်ပြကြသည်။

အမှာစကားပြော

ယင်းနောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့အမှတ် (၃)တာဝန်ခံ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက နိဂုံးချုပ် အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

ကျောက်ဆည်အသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ကျောက်ဆည်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၂၈ရက် (စနေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ခမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မိသားစုများ တက်ရောက်ကြရန်နှင့် ၂၀၀၄-၂၀၀၅ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်သားသမီးများသည် အသင်းဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း) ဖုန်း-၀၉၉၉-၂၆၄၄၃ထံ ဆက်သွယ်စာရင်းပေးပို့ရန် နှိုးဆော်ထားသည်။

(က-ပ)

အချပ်ပို(၄) မျက်နှာ ဖော်ပြပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပိုလေးမျက်နှာ ဖော်ပြပါရှိပါသည်။

ဇန်နဝါရီ ၄ ရက်က (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမတွင် ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင် ဖတ်ကြားစဉ်။ (၅၂၉)

အာရှတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ မြန်မာလူငယ် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူး

ရန်ကုန် ဇန်နဝါရီ ၁၃

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် အသက် ၁၄နှစ်နှင့် အောက် အာရှတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ၂၀၀၆ ခုနှစ် အုပ်စု(၂) တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသည်။

ယနေ့ဗိုလ်လုပွဲများအပြီးတွင် မြန်မာလူငယ်တင်းနစ် အားကစားမောင်မယ်များက ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်နှစ်ခုကို ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာမှ အောင်ကျော်နိုင်က မလေးရှားမှSantosကို(၆-၁)၊(၇-၅) ဖြင့် အနိုင်ရရှိပြီး ပထမရွှေတံဆိပ်ကို ဆွတ်ခူးသွားသည်။

အမျိုးသား နှစ်ယောက်တွဲဗိုလ်လုပွဲတွင်လည်း မြန်မာမှ အောင်ကျော်နိုင်နှင့် အောင်ကိုဦးတို့က ဗီယက်နမ်မှ Le Phat နှင့် Vole Quoe Huy တို့ကို (၄-၆)၊ (၆-၄)၊ (၆-၂)ဖြင့် အနိုင်ရရှိပြီး ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးသွားသည်။

အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် သီရိလင်္ကာမှ Muttan က မြန်မာမှ ခိုင်ငြိမ်းသာကို(၆-၁)၊(၄-၆)၊(၆-၂)ဖြင့် အနိုင်ရရှိသွားသည်။ ခိုင်ငြိမ်းသာသည် ဒုတိယငွေတံဆိပ်ဆုကို ရရှိသွားသည်။

အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ဗီယက်နမ်မှ Huynh Phuong Dai Ti နှင့် Phan Thi Thanh Bin တို့က မြန်မာမှ ခိုင်ငြိမ်းသာနှင့် သန္တာအောင်တို့ကို (၆-၄)၊ (၆-၂)ဖြင့် အနိုင်ရရှိသွားသည်။ ခိုင်ငြိမ်းသာနှင့် သန္တာအောင်တို့က ဒုတိယငွေတံဆိပ်ဆုကို ရရှိသွားသည်။

ဇန်နဝါရီ ၁၄ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ 2nd Tournament တင်းနစ်ပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် ထွက်ပြီ



ရန်ကုန် ဇန်နဝါရီ ၁၃

ပြာသိုလ၏ ချမ်းအေးမှုနှင့်အတူ တောင်သူဦးကြီးများ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် ကောင်းကျိုးကောင်းမှုများ ရရှိဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကောင်းကျိုးတစ်စုံတစ်ရာ ပေးစွမ်းနိုင်မည့် ဒို့ကျေးရွာ ဂျာနယ် အတွဲ(၃) အမှတ်(၂)ကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် ထုတ်ဝေဖြန့်ချိမည်ဖြစ်သည်။ **(ယာပုံ)**

ယင်းဂျာနယ်တွင် မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော ကန်ထရိုက်စိုက်ပျိုးရေးစနစ်၊ အရသာ ထူးလွန်းလှသည့် နေကြာဆီ၊ ကြက်ကူးစက်ရောဂါကာကွယ်နည်း၊ခေတ်နှင့်အညီတိုးတက်စေဖို့ နန်းထိုက်တော်ဝင် ပန်းသဇင်၊ ကံ့ကော်ရာသီထမနဲပွဲ၊ ဝက်မွေးမြူရေးအတွက် တန်ဖိုးနည်းအစာများ၊ ခရီးသွားတစ်ယောက်၏ ရွာလွမ်းဝေဒနာ၊ ဝင်ငွေအပိုရစေလို မှိုကိုစိုက်ပျိုးပါ၊ လင်းတငှက်၏ ထူးခြားချက်၊ ၂၀၀၄ ခုနှစ် မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆု စသည့် သုတဆောင်းပါးများကို အားဖြည့်၍ ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို ဖွယ်ဖွယ်ရာရာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေး ဦးစီးဌာနများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင် စာပေနှင့် မန္တလေးမြို့ရှိ ထွန်းဦးစာပေတို့၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် (၃၀-၃၂) (၁၀)လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၂၇၁၃၄၀နှင့် ၂၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

ပြည်သူ့ထံမှပေးစာ

သံဆန်ခါထုတ်လုပ်ရေးစက်ရုံ ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား–

ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် မာလာမြိုင်လမ်းရှိ သံဆန်ခါထုတ်လုပ်သည့်စက်ရုံမှ ဆူညံသောစက်သံများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။ ထို့အပြင် အဆိုပါစက်ရုံက လျှပ်စစ်ဓာတ်အား အများအပြား သုံးစွဲနေသည့်အတွက် ရပ်ကွက်အတွင်းရှိ အိမ်များတွင် မကြာခဏဆိုသလို လျှပ်စစ်မီးများ ပြတ်တောက်ခြင်း၊ လျှပ်စစ်ပစ္စည်းများပျက်စီးနေခြင်းများ ကြုံတွေ့ကြရပါသည်။

သို့ပါ၍ ရပ်ကွက်အတွင်းမှ အဆိုပါစက်ရုံအား ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ရပ်ကွက်အတွင်းမှ ဒန်ရည်ကျိုလုပ်ငန်း ဖယ်ရှားပေးစေလို

စာတည်းရှင့်–

တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ (၃၄)လမ်းရှိ ဒန်ပစ္စည်းအဟောင်းများ ကျိုသည့် ဒန်ရည်ကျိုလုပ်ငန်းများသည် စက်မှုဇုန်တွင် နေရာချထားပေးပြီး ဖြစ်သော်လည်း မပြောင်းရွှေ့ဘဲ လုပ်ငန်းလိုင်စင်မဲ့ဖြင့် ဆက်လက်လုပ်ကိုင်နေပါသည်။

နံနက်မှ ညမိုးချုပ်သည့်တိုင် ၎င်းအလုပ်ရုံများမှ ထွက်လာသော ဒန်ရည်ကျိုသည့် အနံ့ဆိုးများနှင့် မီးခိုးငွေ့များကို ရပ်ကွက်သူ၊ ရပ်ကွက်သားများ ရှူနေရပါသည်။

ကျန်းမာရေးကို ထိခိုက်စေသည့် အဆိုပါ ဒန်ရည်ကျိုလုပ်ငန်းများအား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဒန်ရည်ကျိုနံ့မခံနိုင်သူများ

လှည်းတန်းဈေး ရေအိမ်များ သန့်ရှင်းစေလို

စာတည်းခင်ဗျား–

ကမာရွတ်မြို့နယ်၊ လှည်းတန်းဈေးကြီးသည် (က)အဆင့် သတ်မှတ်ထားသော်လည်း လှည်းတန်းဈေးအတွင်းရှိ ရေအိမ်များမှာ ရေဇလုံ၊ ရေခွက်၊ ရေပိုက်ခေါင်းများမရှိသည့်အပြင် အုတ်ကန်အတွင်းသို့ ရေလုံလောက်စွာ ပေးဝေမှုမရှိပါ။

ထို့အပြင် ရေအိမ် အသုံးပြုခကို တိုးမြှင့်ကောက်ခံနေပါသော်လည်း သန့်ရှင်းမှု မရှိပါ။ သို့ပါ၍ လှည်းတန်းဈေးရှိ ရေအိမ်များ သန့်ရှင်းစွာ အသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူဈေးသားများ

ခွေးလေခွေးလွင့် ရှင်းလင်းဆောင်ရွက်ပြီး

(၅-၁၁-၂၀၀၅) ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၆ လမ်း၊ မြယာကုန်းလမ်းပိုင်းရှိ "ခွေးလေခွေးလွင့်များ အနှောင့်အယှက်ပေးနေ" ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီး ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

သားသတ်လုပ်ငန်း ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ် (င/က) ရပ်ကွက် ပန်းရိုက်လမ်းအတွင်းရှိ အိမ်တစ်အိမ်တွင် ညစဉ် ဝက်များကိုသတ်ဖြတ်၍ သားသတ်လုပ်ငန်းဆောင်ရွက်နေပါသည်။ ၎င်းသားသတ်လုပ်ငန်းမှ ထွက်ပေါ်လာသည့် ဝက်အော်သံများကြောင့် ရပ်ကွက်နေ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါသည်။

သို့ပါ၍ ရပ်ကွက်အတွင်းမှ သားသတ်လုပ်ငန်းအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

စည်းကမ်းမဲ့အမှိုက်ပစ်မှုကြောင့် ပတ်ဝန်းကျင်ညစ်ညမ်း

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ် (၅)ရပ်ကွက် (၅၂) လမ်း အောက်လမ်းနှင့် (၅၁) လမ်း (အောက်လမ်း) နောက်ဖေးလမ်းကြားတွင် လူအချို့၏ စည်းကမ်းမဲ့အမှိုက်ပစ်ချမှုကြောင့် အမှိုက်များ ပိတ်ဆို့နေပြီး ရေစီးရေလာမကောင်းတော့ဘဲ ယင်များ၊ ကြွက်များပေါ်များကာ ပတ်ဝန်းကျင်ညစ်ညမ်းနေပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ အမှိုက်များကို ရှင်းလင်းပေးပါရန်နှင့် စည်းကမ်းမဲ့အမှိုက်ပစ်သူများအား စည်းကမ်းနှင့်အညီ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

ဗိုလ်တထောင်သား

နွေစပါးစိုက်ဧက ပြည့်မီအောင် အချိန်မီကြိုးပမ်း ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်ရေး ကြက်ဆူပင် စိုက်ပျိုး တာဝန်ရှိသူများကလည်း နည်းပညာပေးကာ ကူညီပံ့ပိုး

ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားထိပ်သို့ ရောက်ရှိကြပြီး ဧရာဝတီတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆို ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဆက်လက် ထွက်ခွာလာကြရာ ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ်ကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဆင်းသွယ်လတ်မျိုးပွားဧက ၅၂၀ စိုက်ခင်း သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိကြပြီး စိုက်ခင်းရှိ ယာယီရှင်းလင်း ဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကန်ကြီးထောင့်မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်က ကန်ကြီးထောင့် မြို့နယ်၏ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု၊ ၂၀၀၅–၂၀၀၆ခုနှစ် နွေစပါးစိုက်ပျိုး ပြီးစီးမှု၊ ဆောင်းသီးနှံများနှင့် ငရုတ်ကောင်းစိုက်ပျိုးပြီးစီးမှု၊ ခြံစည်းရိုး ကြက်ဆူပင် နှစ်အလိုက်စိုက်ပျိုးမည့် အစီအစဉ်နှင့် ၂၀၀၅–၂၀၀၆ ခုနှစ် အတွက် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရန် မျိုးရရှိမှုနှင့် ပျိုးထောင်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နွေစပါးကို စိုက်ပျိုးရာသီအမီ စိုက်ပျိုးရေး၊ စက်သုံးဆီ အစားထိုး အသုံးပြုနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရေး ရှင်းလင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကား ပြောကြားရာတွင် **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**

နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင် သန်း ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ် ကျေးရွာတွင် ခြံစည်းရိုးကြက်ဆူပင် အပင် ပေါက်များကို ကြည့်ရှုစစ်ဆေး စဉ်။ (သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူသည် ကာလတိုအတွင်း အကျိုးအမြတ်ရရှိနိုင် မျိုးစေ့၊ ပျိုးပင်၊ စိုက်ပျိုးနည်းပညာများ ကူညီပံ့ပိုးပေးမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်သို့သွားရောက်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်နှင့် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင် ပါဝင်စိုက်ပျိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါ လျက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ကျေးရွာအနီးရှိ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●**

ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မှော်ဘီမြို့နယ်ရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ် လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်၌ ခြံစည်းရိုးကြက်ဆူ ပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၁၃–၁–၂၀၀၆

ပူတာအိုနှင့် ပင်လောင်း

၄ ဒီဂရီစင်တီဂရိတ်

ဆောင်းပါးအညွှန်း



ခြံစည်းရိုး ကြက်ဆူပင်ကို အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးကြပါစို့

- ☆ ကြက်ဆူစေ့တွင် ဆီပါဝင်မှု ၃၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ အစေ့တစ်တင်းကို ဆီကြိတ်ပါက နွေသီးမှာ ၁ ဒသမ ၅ ပိဿာနှင့် မိုးသီးမှာ နှစ်ပိဿာ ထွက်ပါသည်။ အပင်ငယ်စဉ်တွင် နှစ်နှစ်သားမှ ငါးနှစ်သားအထိ တစ်ဧကလျှင် ဆီ ၁၇၈ ပိဿာ = ၇၄ ဂါလန်နှင့် ကြိတ်ဖတ် ၄၆၅ ပိဿာ ထွက်ရှိသည်။ ခြောက်နှစ်သားမှ စတင်၍ တစ်ဧကလျှင် ဆီ ၂၄၈ ပိဿာ = ဂါလန် ၁၀၀ နှင့် ကြိတ်ဖတ် ၆၅၅ ပိဿာ ထွက်ရှိပါသည်။
- ☆ ခြံစည်းရိုး ကြက်ဆူဆီများကို လက်တွန်းထွန်စက်၊ ထွန်စက်ကြီးများတွင် မောင်းနှင်နိုင်ရုံသာမကဘဲ ကျေးရွာများ၌ မီးလင်းရေးအတွက် အသုံးပြုသည့် ဒီဇယ်အင်ဂျင်များတွင် ထည့်သွင်းမောင်းနှင်ခြင်းဖြင့် ကျေးရွာများ မီးလင်းနိုင်မည် ဖြစ်ပါသည်။
- ☆ ခြံစည်းရိုးကြက်ဆူဆီသည် အခြားရေနံထွက်ပစ္စည်းမှ ဒီဇယ်ဆီကဲ့သို့ ပြုပြင်စရာမလိုဘဲ တိုက်ရိုက် ထည့်သွင်း သုံးစွဲနိုင်ပါသည်။

မောင်ဝ(စိုက်ပျိုးရေး)၏ ***"ခြံစည်းရိုးကြက်ဆူပင်ကို အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးကြပါစို့"*** (ဆောင်းပါး)

(စာမျက်နှာ–၆၊ ၇)